

Australian Government

# ဩစတြေးလျားနိုင်ငံသား
## ကျွန်ုပ်တို့၏ ဘုံနှောင်ကြိုး



ဩစတြေးလျားနိုင်ငံသားခံယူခွင့် စာမေးပွဲဖြေဆိုရာတွင် လိုအပ်သော အချက်အလက်များအားလုံး ဤစာအုပ်ထဲတွင် ပါဝင်ပါသည်။ သင်သည် နိုင်ငံသားခံယူခွင့် စာမေးပွဲအောင်မြင်ရန်အလို့ငှာ တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထံမှ နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ အခြားအချက်အလက်များ ဝယ်ယူရန် သို့မဟုတ် ရယူရန် လိုအပ်မည်မဟုတ်ပါ။ ဌာနအနေဖြင့် နိုင်ငံသားခံယူခွင့်စာမေးပွဲအောင်မြင်စေရန် အထောက်အကူပြုမည်ဟု ဆိုထားသည့် မည်သည့်အချက်အလက်ကိုမှ အတည်ပြုပေးမည် သို့မဟုတ် ထောက်ခံပေးမည်မဟုတ်ပါ။

© ဩစတြေးလျား ဓနသဟာယ 2020

Commonwealth Coat of Arms (ဓနသဟာယတံဆိပ်အမှတ်အသား) မှလွဲ၍ ဤစာစောင်တွင် တင်ပြထားသည့် အချက်အလက်များအားလုံးကို https://creativecommons.org/licenses/by/4.0/legalcode ရှိ Creative Commons Attribution 4.0 International license (လွတ်လပ်စွာဖြန့်ဝေခွင့်) အရ ပံ့ပိုးထားပါသည်။

ဆိုလိုသည်မှာ ဤလိုင်စင်သည် ယခုစာတမ်းတွင် ထည့်သွင်းထားသည့် အချက်အလက်များနှင့်သာ သက်ဆိုင်သည့်သဘောဖြစ်သည်။

သက်ဆိုင်ရာ လိုင်စင်အခြေအနေများ၏ အသေးစိတ်အချက်အလက်များကို Creative Commons ဝက်ဘ်ဆိုက် https://creativecommons.org/ တွင် ရရှိနိုင်ပြီး CC BY 4.0 လိုင်စင်အတွက် ဥပဒေဆိုင်ရာကျင့်ဝတ်အပြည့်အစုံကို https://creativecommons.org/licenses/by/4.0/legalcode တွင် ရရှိနိုင်သည်။

**Coat of Arms (တံဆိပ်အမှတ်အသား) အသုံးပြုခြင်း**

Coat of Arms (တံဆိပ်အမှတ်အသား) ကို အသုံးပြုနိုင်သည့် ဝေါဟာရများကို Department of Prime Minister and Cabinet (ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ ဦးစီးဌာန) ဝက်ဘ်ဆိုက် - https://www.pmc.gov.au/government/commonwealth-coat-arms တွင် အသေးစိတ်ဖော်ပြထားပါသည်။

**ကျွန်ုပ်တို့ကို ဆက်သွယ်ရန်**

ဤစာတမ်း၏ လိုင်စင်နှင့်
အသုံးပြုမှုတစ်ခုခုနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်ပါသည် -

အချက်အလက်အစုစု မီဒီယာနှင့် ထိတွေ့ချိတ်ဆက်ရေးဌာနခွဲ
ပြည်ထဲရေးဦးစီးဌာန စာတိုက်သေတ္တာအမှတ် 25
BELCONNEN ACT 2616

**မသက်ဆိုင်ကြောင်းကြေညာချက်**

အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသား စာဖတ်သူများအား ဤစာစောင်တွင် ကွယ်လွန်သူများနှင့်ဆက်နွယ်သည့် ရုပ်ပုံများနှင့်/သို့မဟုတ် အကြောင်းအရာများ ပါဝင်ကြောင်း သတိပေးလိုပါသည်။

# မာတိကာ


သင့်အတွက်သတင်းစကား 2

## စစ်ဆေးနိုင်သော ကဏ္ဍ

အပိုင်း 1 - ဩစတြေးလျားနိုင်ငံနှင့် ပြည်သူပြည်သားများ 7

အပိုင်း 2 - ဩစတြေးလျားနိုင်ငံ၏ ဒီမိုကရက်တစ် ယုံကြည်မှုများ၊ ရပိုင်ခွင့်များနှင့် လွတ်လပ်မှုများ 17

အပိုင်း 3 - ဩစတြေးလျားနိုင်ငံ အစိုးရနှင့် ဥပဒေ 23

အပိုင်း 4 - ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများ 33

စစ်ဆေးနိုင်သော ကဏ္ဍ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် 40

လက်တွေ့စစ်ဆေးမှုမေးခွန်းများ 44

## မစစ်ဆေးနိုင်သော ကဏ္ဍ

အပိုင်း 5 - ယနေ့ဩစတြေးလျားနိုင်ငံ 48

အပိုင်း 6 - ကျွန်ုပ်တို့၏ ဩစတြေးလျားနိုင်ငံဇာတ်ကြောင်း 63

မစစ်ဆေးနိုင်သော ကဏ္ဍ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် 84

နောက်ထပ်အချက်အလက်များအတွက် 86

ကျေးဇူးတင်ရှိခြင်း 88

# သင့်အတွက် သတင်းစကား

ဩစတြေးလျား နိုင်ငံသားတစ်ယောက်ဖြစ်လာရန် ရွေးချယ်လိုက်သည့်အတွက် ဂုဏ်ယူပါသည်။ နိုင်ငံသစ်တစ်ခုတွင် နေထိုင်ပြီး နိုင်ငံသားတစ်ယောက်အဖြစ် အပြည့်အဝ ပူးပေါင်းပါဝင်ရာတွင် ရဲရင့်မှု၊ ကြိုးပမ်းအားထုတ်မှုနှင့် သန္နိဋ္ဌာန်ချလုပ်ဆောင်မှုများ လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ငြိမ်းချမ်းပြီး ဒီမိုကရေစီနည်းကျ လူ့ဘောင်အသိုက်အဝန်းအပေါ် သင်၏ပါဝင်ဖြည့်ဆည်းပေးမှုကို ကျွန်ုပ်တို့ တန်ဖိုးထားပါသည်။

ဩစတြေးလျားနိုင်ငံသားအဖြစ်ခံယူခြင်းသည် သင်၏ရွှေ့ပြောင်းအခြေချနေထိုင်မှု သမိုင်းကြောင်းတွင် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ ဩစတြေးလျားနိုင်ငံသားတစ်ဦးဖြစ်ခြင်းသည် သင်သည် ဩစတြေးလျားနိုင်ငံနှင့် ကျွန်ုပ်တို့၏ ဘုံစံတန်ဖိုးများအပေါ် ဆက်လက်သန္နိဋ္ဌာန်ချဆောင်ရွက်သွားမည်ဟူသည့် သဘောဖြစ်သည်။ ယင်းသည် သင်၏ ဩစတြေးလျားအသိုက်အဝန်းနှင့် တရားဝင်မိတ်ဖက်ပူးပေါင်းမှု အစလည်းဖြစ်သည်။ ယင်းမှာ 'ကျွန်ုပ်သည် ဩစတြေးလျား နိုင်ငံသားတစ်ယောက်ဖြစ်သည်' ဟု သင် ပြောနိုင်မည့် အဆင့်ဖြစ်သည်။

ဩစတြေးလျားနိုင်ငံသားဖြစ်ရခြင်းသည် ကြီးမားသော ဆုလာဘ်များ ရရှိစေမည့် အထူးအခွင့်အရေးတစ်ခုဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားတစ်ယောက် ဖြစ်လာခြင်းဖြင့် သင်သည် တမူထူးခြားသော နိုင်ငံအသိုက်အဝန်းတစ်ခုနှင့် ပူးပေါင်းလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ နိုင်ငံကို ကျွန်ုပ်တို့၏ အက်ဘော်ရစ်ဂျင်နလ်နှင့် တောရက်စ် ရေလက်ကြားကျွန်းသားများ၊ ဤနေရာတွင် မွေးဖွားလာကြသူများနှင့် ကမ္ဘာတစ်ဝန်းမှ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ အထောက်အပံ့များ ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမတူကွဲပြားမှုများကို ချီးကျူးဂုဏ်ပြုလျက် တစ်ချိန်တည်းတွင် စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သော နိုင်ငံတစ်ခုအတွက် အားထုတ်ကြိုးပမ်းသွားမည်ဖြစ်သည်။

ဩစတြေးလျားအသိုက်အဝန်း၏ အင်အားသည် ပြဿနာများကို ဖြေရှင်းရန်နှင့် ဩစတြေးလျား၏ အနာဂတ်ကို ပုံဖော်ရန် အတူတကွလုပ်ကိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့တွင် တည်ငြိမ်သော အစိုးရစနစ်တစ်ခုရှိပြီး ဩစတြေးလျနိုင်ငံသားများသည် အစိုးရ၏ အခွင့်အာဏာလုပ်ပိုင်ခွင့်နှင့် ဥပဒေများကို လေးစားလိုက်နာပါသည်။ ကျွန်ုပ်တို့၏ တည်ငြိမ်မှု၊ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနှင့် ကျွန်ုပ်တို့၏ ဥပဒေများကို ကျွန်ုပ်တို့၏ သမိုင်းကြောင်းမှ ပုံဖော်ထားခြင်းဖြစ်သည်။ ဩစတြေးလျားအသိုက်အဝန်းနှင့် ပူးပေါင်းခြင်းဖြင့် သင်သည် ဩစတြေးလျားနိုင်ငံ၏ဇာတ်ကြောင်းကို ဖြည့်စွက်ပေါင်းထည့်နိုင်ပြီး ၎င်းကို ပုံဖော်ရာတွင် ကူညီပေးမည့် အနေအထားတွင် ရှိနိုင်ပါသည်။

ဩစတြေးလျားနိုင်ငံသည် ရှေးကျသောတိုင်းပြည်တစ်ခုဖြစ်ပါသည်။ ၎င်းသည် ကြီးမားကျယ်ပြန့်ပြီး တမူထူးခြားသည်။ အပူပိုင်းဒေသသစ်တောကြီးများနှင့် သစ်တောများဖုံးလွှမ်းနေသော၊ ကမ်းခြေများနှင့် ကန္တာရများရှိသော၊ မြို့တော်များနှင့် စိုက်ခင်းများရှိသော တိုင်းပြည်ဖြစ်သည်။ ကျွန်ုပ်တို့ ရှေးဦးတိုင်းရင်းသားများ၏ ယဉ်ကျေးမှုများသည် ကမ္ဘာပေါ်တွင် ဆက်လက်ပြီးတည်ရှိနေသေးသော ရှေးအကျဆုံး ယဉ်ကျေးမှုများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် နယ်ချဲ့ငယ်ရှယ်သည့် နိုင်ငံတစ်ခုလည်းဖြစ်သည်၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ နိုင်ငံလည်းဖြစ်သည်။ ဩစတြေးလျားနိုင်ငံတွင် ဥရောပတိုက်သားအခြေချနေထိုင်မှုသည် 1788 ခုနှစ်တွင် စတင်ခဲ့ပြီး ယနေ့အထိလည်း ရွှေ့ပြောင်းနေထိုင်သူအသစ်များကို ကျွန်ုပ်တို့ ဆက်လက်ကြိုဆိုနေဆဲဖြစ်သည်။

နိုင်ငံပေါင်း 200 ကျော်မှလူများသည် ဩစတြေးလျားနိုင်ငံကို မိမိတို့အိမ်အဖြစ် ပြုလုပ်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ကျွန်ုပ်တို့ လူ့ဘောင်အသိုက်အဝန်းသည် ကမ္ဘာပေါ်တွင် မတူကွဲပြားမှုအရှိဆုံးအသိုက်အဝန်းများအနက် တစ်ခုဖြစ်သည်။ ဩစတြေးလျားနိုင်ငံသည် တိုင်းရင်းသားနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုကို အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် အောင်မြင်စွာ ပေါင်းစည်းထားသည်။ နိုင်ငံသားအဖြစ်ခံယူခြင်းသည် ကျွန်ုပ်တို့အားလုံးကို စည်းလုံးစေသည့် ဘုံနှောင်ကြိုးဖြစ်သည်။

ဩစတြေးလျားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံသားအဖြစ်ခံယူခြင်းသည် သင့်အား ကျွန်ုပ်တို့၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် အပြည့်အဝ ပါဝင်နိုင်မည့် အခွင့်အရေးတစ်ရပ် ရရှိစေပါသည်။ အဓိပ္ပါယ်မှာ သင်သည် ဩစတြေးလျားအသိုက်အဝန်း၏ တရားဝင်အဖွဲ့ဝင်တစ်ဦးအနေဖြင့် သင်၏တာဝန်များကို ဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေပြီဟူသည့် သဘောဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားများသည် လူတစ်ဦးစီတိုင်း၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့်၊ အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီမျှရှိခြင်း နှင့် တရားဥပဒေစိုးမိုးရေးကဲ့သို့ ဘုံစံတန်ဖိုးများကို ယုံကြည်ကြသည်။ ဩစတြေးလျားနိုင်ငံသားအဖြစ် ခံယူခြင်းသည် နေ့စဉ်ဘဝတွင် ဤစံတန်ဖိုးများဖြင့် ကုန်ဆုံးနေထိုင်ခြင်းဖြစ်သည်။

# ဩစတြေးလျားနိုင်ငံသားတစ်ဦး ဖြစ်လာခြင်း

ဩစတြေးလျားနိုင်ငံသားတစ်ဦးဖြစ်လာခြင်းမှာ လူတစ်ဦးသည် ဩစတြေးလျားနိုင်ငံနှင့် ၎င်း၏နိုင်ငံသားများအား သစ္စာစောင့်သိမည်ဖြစ်ကြောင်းကတိပြုပြီးနောက် ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံသားတစ်ဦးအနေဖြင့် ၎င်းတို့၏ ရပိုင်ခွင့်နှင့်တာဝန်များကို ကျင့်သုံးပိုင်ခွင့်ရရှိစေမည့် အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

## ဩစတြေးလျားနိုင်ငံသား ခံယူခွင့် စာမေးပွဲ

ဩစတြေးလျားနိုင်ငံသား ခံယူခွင့် စာမေးပွဲကို သင်သည် ဩစတြေးလျားနိုင်ငံ၊ ၎င်း၏ ဒီမိုကရေစီစနစ်၊ ယုံကြည်မှုများနှင့် စံတန်ဖိုးများနှင့် နိုင်ငံသား တာဝန်နှင့် အခွင့်ထူးများနှင့်ပတ်သက်၍ သင့်တင့်သော ဗဟုသုတရှိမရှိ အကဲဖြတ်စစ်ဆေးရန် ရေးဆွဲပြင်ဆင်ထားပါသည်။

နိုင်ငံသားခံယူခွင့်စာမေးပွဲသည် အင်္ဂလိပ်ဘာသာဖြင့် ကွန်ပျူတာအသုံးပြု၍ အဖြေမှန်ရွေးချယ်ပေးရမည့် စာမေးပွဲတစ်ခုဖြစ်သည်။ ယင်းစာမေးပွဲတွင် ကျပန်းရွေးချယ်ထားသော မေးခွန်း 20 ပါဝင်ပြီး 2020 နိုဝင်ဘာလ 15 မှစတင်၍ ဩစတြေးလျားစံတန်ဖိုးများနှင့်ပတ်သက်သည့် မေးခွန်း ငါးခုကိုလည်း ထည့်သွင်းသွားမည်ဖြစ်သည်။

စာမေးပွဲအောင်မြင်ရန်အတွက် သင်သည် စံတန်ဖိုးမေးခွန်းငါးခုကို မှန်ကန်အောင်ဖြေဆိုရမည်ဖြစ်ပြီး အားလုံးပေါင်း အမှတ် 75 ရာခိုင်နှုန်း အနည်းဆုံး ရရှိရမည်ဖြစ်သည်။

နိုင်ငံသားခံယူခွင့်စာမေးပွဲများကို ဩစတြေးလျားနိုင်ငံတဝန်း၌ ပြည်ထဲရေးဌာနရုံးများတွင် ပြုလုပ်ပါသည်။ စာမေးပွဲများကို ဩစတြေးလျားဒေသတွင်းနှင့် အချို့နိုင်ငံရပ်ခြားဌာန များရှိ နေရာအချို့တွင်လည်း စစ်ဆေးသွားမည်ဖြစ်သည်။

## ဩစတြေးလျားနိုင်ငံသား ခံယူခွင့် စာမေးပွဲအတွက် ပြင်ဆင်ခြင်း

နိုင်ငံသားခံယူခွင့်စာမေးပွဲအတွက် ပြင်ဆင်ရန် သင်သည် ဤမှီငြမ်းစာအုပ်၊ *ဩစတြေးလျနိုင်ငံသား - ကျွန်ုပ်တို့၏ ဘုံနှောင်ကြိုး*ကို ဖတ်ရန်လိုအပ်သည်။

ဤမှီငြမ်းစာအုပ်တွင် စစ်ဆေးနိုင်သောကဏ္ဍနှင့် မစစ်ဆေးနိုင်သော ကဏ္ဍ ပါဝင်သည်။

### စစ်ဆေးနိုင်သော ကဏ္ဍ

နိုင်ငံသားခံယူခွင့်စာမေးပွဲ အောင်မြင်စေရန် သင်သိရှိထားရမည့် အချက်အလက်အားလုံးသည် ဤစာအုပ်၏ ပထမအပိုင်း လေးပိုင်းတွင် ပါဝင်ပါသည် -

- အပိုင်း 1 - ဩစတြေးလျားနှင့် ၎င်း၏ပြည်သူပြည်သားများ
- အပိုင်း 2 - ဩစတြေးလျားနိုင်ငံ၏ ဒီမိုကရက်တစ် ယုံကြည်မှုများ၊ ရပိုင်ခွင့်များနှင့် လွတ်လပ်မှုများ
- အပိုင်း 3 - ဩစတြေးလျားနိုင်ငံ အစိုးရနှင့် ဥပဒေ
- အပိုင်း 4 - ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများ

သင်သည် နိုင်ငံသားဖြစ်ခွင့်စာမေးပွဲမှ မေးခွန်းများကို ဖြေဆိုရန် စစ်ဆေးနိုင်သော ကဏ္ဍမှ အချက်အလက်များကို သိရှိနားလည်ထားရန်လိုအပ်သည်။

### မစစ်ဆေးနိုင်သော ကဏ္ဍ

မစစ်ဆေးနိုင်သောကဏ္ဍတွင် ဩစတြေးလျားနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုကို သင်နားလည်စေရန် ကူညီပေးမည့် အရေးကြီးသော အချက်အလက်များ ပါရှိသည်။ ဤအချက်အလက်များနှင့်ပတ်သက်၍ သင့်အား စစ်ဆေးသွားမည်မဟုတ်ပါ။

- အပိုင်း 5 - ယနေ့ဩစတြေးလျားနိုင်ငံ
- အပိုင်း 6 - ကျွန်ုပ်တို့ ဩစတြေးလျားနိုင်ငံဇာတ်ကြောင်း

### လေ့ကျင့်ရေးအစမ်းမေးခွန်းများ

စစ်ဆေးနိုင်သော ကဏ္ဍအဆုံးတွင် နိုင်ငံသားဖြစ်ခွင့် စာမေးပွဲအတွက် သင်ပြင်ဆင်ရာတွင် သင့်အား အထောက်အကူဖြစ်စေမည့် လေ့ကျင့်ရေးအစမ်းမေးခွန်း 20 ရှိပါသည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်များ

စစ်ဆေးနိုင်သော ကဏ္ဍနှင့် မစစ်ဆေးနိုင်သော ကဏ္ဍနှစ်ရပ်စလုံး၏ အဆုံးတွင် ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက် (အဓိကစကားလုံးများနှင့် ၎င်းတို့၏ အဓိပ္ပါယ်များစာရင်း) တစ်ခု ရှိပါသည်။

### နောက်ထပ်အချက်အလက်များ

ဤမှီငြမ်းစာအုပ်၏ ကျောဘက်တွင် သင် နောက်ထပ်အချက်အလက်များ ရယူနိုင်မည့်နေရာနှင့်ပတ်သက်၍ အကြံပြုချက်များကို ရှာဖွေနိုင်ပါသည်။

## နိုင်ငံသားဖြစ်ခွင့်စာမေးပွဲအတွင်း အကူအညီ

ကျွန်ုပ်တို့သည် ဩစတြေးလျနိုင်ငံသားများဖြစ်လာရန် အလားအလာအရှိဆုံးသူများတွင် နိုင်ငံသားဖြစ်ခွင့်စာမေးပွဲဖြေဆိုရာတွင် အကူအညီမလိုအပ်ဘဲ ဖြေဆိုရန် လိုအပ်သော စာပေကျွမ်းကျင်မှုရှိမည်ဟု မျှော်လင့်ထားပါသည်။ မေးခွန်းများကို နားထောင်ပြီး အဖြေများရွေးချယ်ရန် သင် အသုံးပြုနိုင်သည့် စာသားမှ စကားသို့ပြောင်းလဲပေးသည့်နည်းပညာလည်း ရရှိနိုင်ပါသည်။

## ဩစတြေးလျနိုင်ငံသားဖြစ်ခွင့် စာမေးပွဲပြီးနောက်

သင်စာမေးပွဲအောင်မြင်ပါက ကျွန်ုပ်တို့သည် သင့်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်သွားပါမည်။ သင့်လျှောက်ထားမှုကို အတည်ပြုပြီး သင်သည် နိုင်ငံသားအဖြစ်ခံယူပွဲ အခမ်းအနားတက်ရောက်ရန်လိုအပ်ပါက သင်သည် အခမ်းအနားတက်ရောက်ရန်ဖိတ်စာတစ်စောင် ရရှိမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် သင့်အခမ်းအနားကို သင့်လျှောက်ထားမှု အတည်ပြုပြီးချိန်မှ ခြောက်လအတွင်း ကျင်းပမည်ဖြစ်သည်။

# ဩစတြေးလျနိုင်ငံသားအဖြစ် ကတိသစ္စာပြုခြင်း

ဩစတြေးလျနိုင်ငံသားများအားလုံးအနေဖြင့် ကျွန်ုပ်တို့သည် မွေးဖွားခြင်းကြောင့်ဖြစ်စေ၊ ရွေးချယ်မှုကြောင့်ဖြစ်စေ ဩစတြေးလျနိုင်ငံသားတစ်ဦးဖြစ်လာပါက ကျွန်ုပ်တို့၏ တာဝန်များ၊ အခွင့်ထူးများနှင့် နိုင်ငံသားတစ်ဦးဖြစ်ရသည့် အဓိပ္ပါယ်တို့ကို နားလည်ထားရန် အရေးကြီးသည်။ ယင်းမှာ ကျွန်ုပ်တို့နိုင်ငံ၏ စဉ်ဆက်မပြတ် အောင်မြင်မှုအတွက် အရေးပါသည်။

သင်သည် ဩစတြေးလျား နိုင်ငံသားခံယူပွဲအခမ်းအနားကို တက်ရောက်သည့်အခါ ဩစတြေးလျားနိုင်ငံသားအဖြစ် ကတိသစ္စာ ပြုရမည်ဖြစ်သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် သင်သည် ဩစတြေးလျားနိုင်ငံအား အများပြည်သူရှေ့တွင် ကတိပြုခြင်းဖြစ်ပြီး နိုင်ငံသား တာဝန်များနှင့် အခွင့်ထူးများကို လက်ခံလိုက်ခြင်းဖြစ်သည်။

ဤသည်မှာ သင်ပြုရမည့်ကတိသစ္စာဖြစ်သည် -

*ယခုအချိန်မှစပြီး ရှေ့လျှောက် ဘုရားသခင်ကို တိုင်တည်ကာ**

*ဩစတြေးလျားနိုင်ငံတော်နှင့် ၎င်း၏ပြည်သူ ပြည်သားများထံ ကျွန်ုပ် သစ္စာခံပါသည်၊*

*၎င်းတို့၏ ဒီမိုကရက်တစ်ယုံကြည်ချက်များကို ကျွန်ုပ်ကလည်း လက်ခံသဘောတူပါသည်၊*

*၎င်းတို့၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ကျွန်ုပ်လက်ခံလေးစားပြီး၊*

*၎င်းတို့၏ စည်းကမ်းဥပဒေများကို ကျွန်ုပ်သည် ထိန်းသိမ်း၍ လိုက်နာပြီး နာခံပါမည်။*

* 'ဘုရားသခင်ကို တိုင်တည်ကာ' စကားလုံးများကို ထည့်သွင်းပြောရန် သို့မဟုတ် မပြောရန် ကတိပြုသူက ရွေးချယ်နိုင်သည်။

သင် ဤစာအုပ်ကို ဖတ်ရှုပါက သင်သည် ကတိသစ္စာပြုခြင်း၏ နောက်ကွယ်မှ အဓိပ္ပါယ်နှင့် ဩစတြေးလျားနိုင်ငံ လူ့ဘောင်အသိုက်အဝန်းအတွင်း သင်၏အခန်းကဏ္ဍကို မည်သို့မြှင့်တင်ရမည်ကို ပို၍နားလည်သဘောပေါက်လာမည်ဖြစ်သည်။



# ဩစတြေးလျား နိုင်ငံသားခံယူပွဲ အခမ်းအနား

ဩစတြေးလျား နိုင်ငံသားခံယူပွဲ အခမ်းအနားများမှာ လူအနည်းငယ်သာပါဝင်သည့် ပွဲငယ်လေးဖြစ်နိုင်သကဲ့သို့ လူရာပေါင်းများစွာ သို့မဟုတ် ထောင်ပေါင်းများစွာပင် ပါဝင်နိုင်သည့် ကြီးမားသော ပွဲကြီးတစ်ပွဲလည်း ဖြစ်နိုင်ပါသည်။ နိုင်ငံသားအသစ်များနှင့် တာဝန်ရှိသူများကြားရှိ ခံစားချက်နက်ရှိုင်းမှုနှင့် ဂုဏ်ယူမှုသည် အလွန်ပျော်ရွှင်ဖွယ်ကောင်းသော ဂုဏ်ပြုပွဲတစ်ခု ဖြစ်စေပါသည်။

နိုင်ငံသားခံယူပွဲအခမ်းအနားအစတွင် သင့်ကို သင့်နယ်မြေ၏ အစဉ်အလာအရ ပိုင်ရှင်များဖြစ်ကြသည့် အက်ဘောရစ်ဂျင်နယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးမှ ကြိုဆိုပါလိမ့်မည်။ ဤနိုင်ငံတော်မှ ကြိုဆိုရေး လုပ်ထုံးလုပ်နည်းကို ရှေးဦးဩစတြေးလျားလူမျိုးများမှ မိမိတို့ရိုးရာ ဇာတိဌာနများတွင် နှစ်ပေါင်းထောင်ချီ၍ ကျင့်သုံးလာခဲ့ကြပါသည်။ သင်သည် သင်၏အခြားဒေသခံ ရပ်ရွာအသိုက်အဝန်း ခေါင်းဆောင်များ သို့မဟုတ် အစိုးရကိုယ်စားလှယ်များထံမှ ကြိုဆိုအားပေးသည့် စကားများကို ကြားရမည်ဖြစ်သည်။

သင်သည် ဩစတြေးလျားနိုင်ငံသားဖြစ်ရန် ရွေးချယ်ထားသော အခြားသူများနှင့်အတူ ဩစတြေးလျားနိုင်ငံသားအဖြစ် ကတိသစ္စာပြုခြင်းကို အသံကျယ်ကျယ်ဖြင့် ဖတ်ရမည် သို့မဟုတ် နောက်မှလိုက်ရွတ်ရပါမည်။ ၎င်းမှာ အခမ်းအနားပွဲ၏ အရေးကြီးဆုံးအပိုင်းဖြစ်သည်။ သင်သည် ဩစတြေးလျားနိုင်ငံအား ကတိကဝတ်ပြုသည့် ကတိသစ္စာမပြုရသေးပါက ဩစတြေးလျားနိုင်ငံသားတစ်ဦး ဖြစ်လာမည်မဟုတ်ပါ။

သင်သည် ကတိသစ္စာပြုချိန်တွင် ဘုရားစာအုပ် သို့မဟုတ် ကျမ်းစာကို ကိုင်ထားရန် မျှော်လင့်သော်လည်း ထိုသို့မဖြစ်မနေပြုလုပ်ရန် မလိုအပ်ပါ။

သင့်အသိုက်အဝန်းမှ ခေါင်းဆောင်များ သို့မဟုတ် အစိုးရကိုယ်စားလှယ်များသည် နိုင်ငံသားခံယူခြင်း အဓိပ္ပါယ်နှင့်ပတ်သက်၍ မိန့်ခွန်းတိုလေးများ ပြောသွားမည်ဖြစ်သည်။ သင်သည် ဩစတြေးလျားနိုင်ငံသားဖြစ်ကြောင်း အထောက်အထားလက်မှတ် ရရှိမည်ဖြစ်ပြီး အသိုက်အဝန်းမှပေးသော လက်ဆောင်ငယ်တစ်ခုလည်း ရရှိတတ်ပါသည်။ လူတိုင်း ဩစတြေးလျားနိုင်ငံတော်သီချင်း 'ဩစတြေးလျား၏ အလှကို တိုးမြှင့်ကြပါစို့' (Advance Australia Fair) သီချင်းကို သီဆိုကြပါမည်။ နိုင်ငံသားခံယူပွဲအခမ်းအနားပြီးလျှင် သင်သည် သင်၏မိတ်ဆွေဩစတြေးလျားနိုင်ငံသားများနှင့်အတူ တွေ့ဆုံပြီး ဂုဏ်ပြုနိုင်မည့် အခွင့်အရေးတစ်ခု ရရှိပါမည်။

ကျွန်ုပ်တို့သည် သင် ဩစတြေးလျားနိုင်ငံသားတစ်ဦး ဖြစ်လာရန်နှင့် ဩစတြေးလျားနိုင်ငံတွင် ငြိမ်းချမ်းပြီး အကျိုးရှိသော ဘဝတစ်ခု ဖန်တီးရာတွင် အောင်မြင်မှုရစေရန် ဆန္ဒပြုလိုက်ပါသည်။

## နောက်ထပ်အချက်အလက်များအတွက်

ဩစတြေးလျားနိုင်ငံသား ဝက်ဘ်ဆိုက် www.citizenship.gov.au တွင် ဝင်ရောက်ကြည့်ရှုပါ။





# စစ်ဆေးနိုင်သော ကဏ္ဍ အစ



# အပိုင်း တစ်

# ဩစတြေးလျားနိုင်ငံ နှင့် ပြည်သူပြည်သားများ

# ဩစတြေးလျားနိုင်ငံနှင့် ပြည်သူပြည်သားများ

နိုင်ငံသားအဖြစ်ခံယူပွဲအခမ်းအနားတွင် ဩစတြေးလျားနိုင်ငံတော်နှင့် ၎င်း၏ပြည်သူလူထုထံ၌ သင်သည် ကတိသစ္စာခံခဲ့သည်။ ထို့ကြောင့် သင်သည် ကျွန်ုပ်တို့၏ ရှေးဦးတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအကြောင်းအပါအဝင် ဩစတြေးလျား၏ လူမှုအဖွဲ့အစည်းနှင့် လူဦးရေအကြောင်းများကိုလည်း နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ဩစတြေးလျားနိုင်ငံ၏ သမိုင်းကြောင်းနှင့် ခိုင်ခံ့တည်ငြိမ်၍ အောင်မြင်နေသော ယဉ်ကျေးမှုပေါင်းစုံနိုင်ငံတစ်နိုင်ငံအဖြစ်သို့ မည်သို့တိုးတက်ဖွံ့ဖြိုးလာသည်ကိုလည်း သင်နားလည်ရန် အရေးကြီးသည်။

ဤကဏ္ဍအပိုင်း၌ ကျွန်ုပ်တို့၏ အဖြစ်အပျက်အတိတ်သမိုင်းကို အကြောင်းပြုခဲ့သည့် အချို့သောဖြစ်ရပ်များကို ဖတ်ရှုရလိမ့်မည်။ ကျွန်ုပ်တို့၏ ပြည်နယ်များနှင့်ဒေသများ၏ သတင်းအကြောင်းအချက်အလက်များ ပါရှိသည့်အပြင် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ သိသာထင်ရှားစွာနှင့် ဂုဏ်ယူစွာ ခွဲခြားသတ်မှတ်သော ဩစတြေးလျားနိုင်ငံတော်၏ တမူထူးခြားသည့် ယဉ်ကျေးမှုအစဉ်အလာများနှင့် အမှတ်သညာများ၏ အကြောင်းအချက်များ ပါရှိသည်။

## အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသားများ

ဩစတြေးလျားနိုင်ငံ၌ စဦးနေထိုင်ခဲ့ကြသူများသည် အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းများမှ လူမျိုးများဖြစ်ပြီး ကမ္ဘာပေါ်ရှိ ရှေးအကျဆုံးနှင့် ဆက်လက်ရှင်သန်ဆဲ ယဉ်ကျေးမှုများရှိသည်။

သမိုင်းကြောင်းအရ အက်ဘော်ရစ်ဂျင်နယ် လူမျိုးများသည် ဩစတြေးလျား ပြည်မကြီးနှင့် တယ်စ်မေးနီးယားတို့မှ ဖြစ်ကြသည်။ ရှေးဟောင်းသုတေသနမှတ်တမ်းများအရ အက်ဘော်ရစ်ဂျစ်နယ်လူမျိုးများသည် ဩစတြေးလျားတိုက်သို့ လွန်ခဲ့သော နှစ်ပေါင်း 65,000 မှ 40,000 ခန့်ကြားတွင် ရောက်ရှိခဲ့ကြသည်ဟု ဖော်ပြသည်၊ သို့သော် အက်ဘော်ရစ်ဂျစ်နယ် လူမျိုးများက ၎င်းတို့သည် ဤတိုင်းပြည်အား ဖန်တီးခဲ့သည့်အတိတ် ဇာတ်ကြောင်းပုံပြင်များ၏ ဗဟိုချက်ဖြစ်ပြီး ၎င်းတို့၏ ဖန်တီးမှုအတိတ်ဇာတ်ကြောင်းများမှာ အချိန်စတင်ချိန်ကပင် စတင်ခဲ့သည်ဟု ယုံကြည်ကြသည်။ တောရယ်စ် ရေလက်ကြားကျွန်းသားများသည် ကွင်းစလန်ပြည်နယ် မြောက်ဖျားနှင့် ပါပွာနယူးဂီနီကြားရှိ ကျွန်းများမှ ဖြစ်သည်။

အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသားများတွင် ၎င်းတို့အား ယနေ့ထက်တိုင် လမ်းညွှန်ပေးနေသော သက်တမ်းရင့် ယုံကြည်မှုများနှင့် အစဉ်အလာများရှိကြသည်။ ၎င်းတို့၌ ကုန်းမြေနှင့် နက်နဲသောဆက်စပ်မှုရှိကြပြီး ထိုဆက်စပ်မှုကို ၎င်းတို့၏ အဖြစ်အပျက်များ၊ အနုပညာနှင့် အကအခုန်တို့မှတစ်ဆင့် ဖော်ကျူးကြသည်။ ရှေးဦးတိုင်းရင်းသား ယဉ်ကျေးမှုများမှာ အမျိုးမျိုးရှိပြီး ဩစတြေးလျားနိုင်ငံ အမျိုးသားရေးလက္ခဏာ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသားများအကြောင်း ပိုမိုသိရှိလိုပါက *အပိုင်း 5 ၊ယနေ့ဩစတြေးလျားနိုင်ငံ* နှင့် *အပိုင်း 6 ၊ကျွန်ုပ်တို့၏ ဩစတြေးလျားနိုင်ငံအတိတ်ဇာတ်ကြောင်း* တွင် ကြည့်ရှုပါ။

## ဥရောပတိုက်သားများ အခြေချခြင်း၏ စဦးပိုင်းအချိန်

ဥရောပတိုက်သားများ စတင်အခြေချသည့်ရက်မှာ ဂရိတ်ဗြိတိန်မှ ဇန်နဝါရီ 26 ရက်၊ 1788 ခုနှစ်တွင် နောင်အခါ၌ 'ဖတ်စ်တ်ဖလီးတ်' (First Fleet) ဟု ခေါ်တွင်ခဲ့သည့် ပထမဆုံး အကျဉ်းသားတင် သင်္ဘော 11 စီးဆိုက်ရောက်လာသောနေ့ဖြစ်သည်။

ထိုစဉ်အခါက ဗြိတိသျှဥပဒေများမှာ ပြင်းထန်၍ အကျဉ်းချခံခဲ့ရသော ပြစ်မှုကျူးလွန်သူများ၏ အရေအတွက်ကြီးမားလှသဖြင့် ၎င်းတို့အား ထိန်းသိမ်းထားရန် အကျဉ်းထောင်များ မလုံလောက်ခဲ့ချေ။ ဤပြဿနာကိုဖြေရှင်းရန်၊ ထိုအကျဉ်းသားများကို ကမ္ဘာ့အခြားဘက်ရှိ လက်အောက်ခံဒေသ (ကိုလိုနီ) အသစ်ဖြစ်သော နယူးဆောက်သ်ဝေးလ်စ်သို့ ပို့ဆောင်ရန်၊ ဗြိတိသျှအစိုးရက ဆုံးဖြတ်ခဲ့သည်။

နယူးဆောက်သ်ဝေးလ်စ် ကိုလိုနီ၏ ပထမဆုံး ဘုရင်ခံမှာ၊ ကပ္ပတိန် အာသာ ဖိလစ်ပ် (Captain Arthur Phillip) ဖြစ်ခဲ့သည်။ ကိုလိုနီသည် ရှင်သန်ခဲ့ပြီး အကျဉ်းသားများနှင့် လွတ်လပ်စွာ လာရောက်အခြေချကြသူများ ပိုမိုရောက်ရှိလာကြသည်နှင့်အမျှ ကြီးထွားပြီး တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ နိုင်ငံ၏ အခြားဒေသရပ်အပိုင်းများ၌ ကိုလိုနီများကို ပိုမို၍တိုးချဲ့တည်ထောင်ခဲ့သည်။

ပြစ်မှုကင်းကြသော အစဦးအခြေချသူများမှာ ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့မှ ဖြစ်ကြသည်။ ဩစတြေးလျားနိုင်ငံတော်၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးယန္တယားများတို့အပေါ်၊ ဤ ဗြိတိသျှနှင့် အိုင်ရစ်အမွေအနှစ်များ၏ ဩဇာလွှမ်းမိုးမှုများ ကြီးမားခဲ့လေသည်။

1851 ခုနှစ်တွင်၊ လက်အောက်ခံ ဒေသများဖြစ်ကြသော နယူးဆောက်သ်ဝေးလ်စ်နှင့် ဗစ်က်တိုးရီးယားတို့၌ ရွှေရှာဖွေတွေ့ခဲ့သည်။ ကမ္ဘာ့ဒေသအရပ်ရပ်မှ လူများသည် ကြီးပွားချမ်းသာကံ ရှာဖွေရေးအလို့ငှာ၊ ဤဒေသများသို့ လာရောက်ကြသည်။ ထိုအချိန်အခါက ရောက်ရှိလာကြသော တရုတ်လူမျိုးများသည် ဥရောပမှ မဟုတ်သည့် နိုင်ငံကူးပြောင်းလာကြသော လူအစုကြီး၏ တစ်စုဖြစ်သည်။ 10 နှစ်အတွင်း၊ လူဦးရေ နှစ်ဆထက်ပို တိုးသွားခဲ့လေသည်။



# ဩစတြေးလျားနိုင်ငံတော်

1901 တွင် လက်အောက်ခံဒေသများသည် ဩစတြေးလျား ဓနသဟာယ (Commonwealth of Australia) ဟုခေါ်သော ပြည်နယ်များ၏ ပြည်ထောင်စုအဖြစ် ပေါင်းစည်းခဲ့ကြသည်။ ထိုအချိန်က ကျွန်ုပ်တို့၏အမျိုးသားလွှတ်တော်အပါအဝင် ကျွန်ုပ်တို့၏ အမျိုးသားဒီမိုကရေစီအဖွဲ့အစည်းများ၊ အစိုးရနှင့် အထက်တရားရုံးတို့ကို ဩစတြေးလျားဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တည်ထောင်ခဲ့ပါသည်။ 1901 ခုနှစ်တွင်၊ ဩစတြေးလျားနိုင်ငံ၏ လူဦးရေသည် လေးသန်းနီးပါးရှိခဲ့သည်။ ဤကိန်းဂဏန်းထဲတွင် အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းမှ လူများမပါဝင်ပါ။ ၎င်းတို့ကို 1967 လူထုဆန္ဒခံယူပွဲခံယူပြီးနောက်ပိုင်းမှသာ တရားဝင် ဩစတြေးလျလူဦးရေ ခန့်မှန်းခြေစာရင်းတွင် ထည့်သွင်းခဲ့ပါသည်။

20 ရာစုနှစ်၏ ပထမထက်ဝက်သက်တမ်းတစ်လျှောက်တွင် နိုင်ငံကူးပြောင်းသူ ဦးရေ အတက်အကျရှိခဲ့သည်။ ဗြိတိန်နိုင်ငံမှ ကူးပြောင်းလာသူများအား ဩစတြေးလျား၌ အခြေချစေရန် တက်ကြွစွာ တိုက်တွန်းအားပေးသော အစီအစဉ်များ ရှိခဲ့သဖြင့် များစွာအခြေချခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဥရောပတိုက်သား သန်းပေါင်းများစွာတို့သည် ၎င်းတို့၏အမိမြေများကို စွန့်ခွာကြရသည့်အခါ ဗြိတိန်နိုင်ငံမှ မဟုတ်ကြသော နိုင်ငံကူးပြောင်းသူများ လှိုင်းကြီးသဖွယ် စီးဝင်လာခဲ့သည်။ ဘဝသစ်များထူထောင်ကြရန် ဥရောပတိုက်သားများစွာသည် ဩစတြေးလျားသို့ ရောက်ရှိလာကြသည်။

မကြာသေးမီနှစ်များအတွင်းက နိုင်ငံကူးပြောင်းလာသူနှင့် ဒုက္ခသည်များအတွက် ကျွန်ုပ်တို့၏ အစီအစဉ်များအရ ကမ္ဘာတစ်ဝန်းမှ လူများ ဩစတြေးလျားနိုင်ငံသို့ ရောက်ရှိလာကြသည်။ လူများသည် မိသားစုနှင့် ပြန်လည်ဆုံစည်းကြရန်အတွက်လည်းကောင်း၊ ဘဝသစ်များ ထူထောင်ကြရန်အတွက်လည်းကောင်း၊ ဆင်းရဲဘေးဒုက္ခ၊ စစ်မက် သို့မဟုတ် နှိပ်ကွပ်ဖိစီးခံရခြင်းတို့မှ လွတ်မြောက်ရန်အတွက် ဤနေရာသို့ ရောက်ရှိခဲ့ကြသည်။


ဩစတြေးလျားနိုင်ငံ လူဦးရေ၏ မတူကွဲပြားမှုများသည် ပြီးခဲ့သည့် ရာစုနှစ်နှစ်ခုအတွင်း တိုးတက်လာခဲ့သည်။ ဤမတူကွဲပြားသည့် ကြီးပွားတိုးတက်လျက်ရှိသော လူ့ဘောင်အသိုက်အဝန်းသည် ဩစတြေးလျားနိုင်ငံနှင့် ကမ္ဘာကြီးအား ဆက်ဆံရေးကို တိုးတက်စေသည်။ ကျွန်ုပ်တို့သည် ဩစတြေးလျားနိုင်ငံ ပြည်သူလူထု၏ မျိုးမတူကွဲပြားခြားနားမှုကို ဂုဏ်ယူချီးမွမ်းခိုက်၊ စည်းလုံးညီညွတ်သော နိုင်ငံတစ်ခုအဖြစ် တည်ထောင်ရန်ကိုလည်း ရည်မှန်းကြသည်။

ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်သုံးဘာသာစကားမှာ အင်္ဂလိပ်စကားဖြစ်သည်။ ကျွန်ုပ်တို့ အမျိုးသားလက္ခဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများကို ထိန်းသိမ်းသည့်အနေဖြင့်ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် လူမှုအဖွဲ့အစည်း၌ ပါဝင်လှုပ်ရှားရာတွင် အထောက်အကူရရန် အင်္ဂလိပ်စာ သင်ယူခြင်းနှင့် အသုံးပြုခြင်းတို့ကို ဩစတြေးလားနိုင်ငံရှိ လူတိုင်းအား အားပေးသည်။ ဩစတြေးလျား၌ နေထိုင်ကြရေးနှင့် အလုပ်လုပ်ကိုင်ရေးတို့၏ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်ရန် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုဆက်ဆံခြင်းသည်လည်း အရေးကြီးသည်။

မတူကွဲပြားသော အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသား ဘာသာစကား 100 ကျော် အပါအဝင် အခြားဘာသာစကားများကိုလည်း တန်ဖိုးထားကြပါသည်။


# ဩစတြေးလျားနိုင်ငံတော်၏ ပြည်နယ်များနှင့် ဒေသများ

ဩစတြေးလျား ဓနသဟာယသည် ပြည်နယ်များနှင့် ဒေသများတို့၏ဖွဲ့စည်းထားမှုဖြစ်သည်။ ပြည်နယ်ခြောက်ခုနှင့် ပြည်မဒေသနှစ်ခုရှိသည်။ ကယ်န်ဘရာ (Canberra) သည် ဩစတြေးလျားနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ပြည်နယ်နှင့် ပြည်မဒေသတစ်ခုစီ၌လည်း ၎င်းတို့၏မြို့တော်များ အသီးအသီးရှိကြသည်။




| ပြည်နယ် | မြို့တော် |
|---|---|
| New South Wales (NSW) | Sydney |
| Victoria (Vic.) | Melbourne |
| Queensland (Qld) | Brisbane |
| Western Australia (WA) | Perth |
| South Australia (SA) | Adelaide |
| Tasmania (Tas.) | Hobart |
| **ဒေသ** | **မြို့တော်** |
| Australian Capital Territory (ACT) | Canberra |
| Northern Territory (NT) | Darwin |

## ပြည်နယ်များ



**နယူးဆောက်သ်ဝေးလ်စ် (New South Wales)** သည် ဗြိတိသျှတို့က တည်ထောင်ခဲ့သော ပထမဆုံး ကိုလိုနီဖြစ်သည်။ ဆစ်ဒနီသည် နယူးဆောက်သ်ဝေးလ်စ်၏ မြို့တော်ဖြစ်ပြီး နိုင်ငံတော်၏ အကြီးမားဆုံးသော မြို့ကြီးဖြစ်သည်။ ဆစ်ဒနီ၏ 'ဟာဘာဘရစ်ဂျ်' (Harbour Bridge) ဆိပ်ကမ်း တံတားနှင့် အော်ပရာဟောက်စ် (Opera House) ကဇာတ်ရုံတို့သည် နိုင်ငံတော်၏ အထင်ကရ အမှတ်သညာများဖြစ်ကြသည်။



**ဗစ်က်တိုးရီးယား (Victoria)** သည် ပြည်မရှိ ပြည်နယ်များအနက် အသေးငယ်ဆုံးဖြစ်သည်။ မယ်လ်ဘန်သည် ဗစ်တိုးရီးယား၏ မြို့တော်ဖြစ်သည်။ ဗစ်က်တိုးရီးယား၌ရှိသော လက်ရာမြောက်သည့် အဆောက်အဦးများစွာကို 1850 ခုနှစ်များ၌ ရွှေထွက်နှုန်း ကြီးမားစဉ်က ရရှိခဲ့သော ဓနဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗစ်က်တိုးရီးယားပြည်နယ်၏ အထင်ကရအမှတ်သညာများတွင် မယ်လ်ဘုန်း ခရစ်ကတ်ကွင်း (Melbourne Cricket Ground)၊ တမန်တော် 12 ဦး (12 Apostles) နှင့် တော်ဝင်ပြတိုက်အဆောက်အအုံ (Royal Exhibition Building) တို့ ပါဝင်သည်။



**ကွင်းစလန် (Queensland)** သည် ဒုတိယအကြီးဆုံးသော ပြည်နယ်ဖြစ်သည်။ ကွင်းစလန်၏ မြို့တော်မှာ ဘရစ်စ်ဘိန်းဖြစ်သည်။ တောရယ်စ် ရေလက်ကြားကျွန်းများသည် ပြည်နယ်၏ မြောက်ဖက်တွင် ရှိပြီး ၎င်း၏ အရှေ့ဖက်ကမ်းခြေတစ်လျှောက်တွင် ကမ္ဘာကျော် 'ဂရိတ်ဘယ်ရီယာ ရီးဖ်' (Great Barrier Reef) ကျောက်တန်းကြီးရှိသည်။ ကွင်းစလန်ပြည်နယ်တွင် အပူပိုင်းဒေသ မိုးသစ်တောများ၊ အပူအအေးမျှတသော ပင်လယ်ကမ်းခြေဒေသများနှင့် ခြောက်သွေ့လေ့ရှိသော အတွင်းပိုင်းကျ ကုန်းမြေများရှိသည်။



**အနောက်သြစတြေးလျား (Western Australia)** သည် အကြီးဆုံးသော ပြည်နယ်ဖြစ်သည်။ ပါ့သ်သည် အနောက်သြစတြေးလျား၏ မြို့တော်ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဖက်သည် အဓိကအားဖြင့် သဲကန္တာရရှိပြီး အနောက်တောင်ဖက်သည် ကောက်ပဲသီးနှံနှင့် ဝိုင်အရက်ချက်သည့် စိုက်ပျိုးရေးဒေသဖြစ်သည်။ ဤပြည်နယ်သည် ကြီးမားသောသတ္တုတွင်းလုပ်ငန်းများ ရှိရာအရပ်ဖြစ်သည်။ အနောက်သြစတြေးလျား၏ အထင်ကရအမှတ်သညာများမှာ နီဂါလူးကမ်းရိုးတန်း (Ningaloo Coast)၊ မာဂရက်မြစ်၊နှင့် ကင်ဘာလေ (Kimberley) ဒေသတို့ပါဝင်သည်။




**တောင်သြစတြေးလျား (South Australia)** ၌ ကျောက်ဆောင်ကမ်းပါးပေါ်များသည့် ပင်လယ်ကမ်းရိုးတန်းရှိပြီး အမည်ကျော်ကြားသော ဝိုင်အရက်ထွက်သည့် နယ်မြေအမြောက်အမြား ရှိသည်။ မြို့တော်ဖြစ်သည့် အယ်ဒီလိတ်၌ လက်ရာမြောက်သော ကိုလိုနီခေတ် ဗိသုကာပုံစံအမြောက်အမြားရှိသည်။ တောင်သြစတြေးလျား၏ အထင်ကရ အမှတ်သညာများတွင် ဘာရော့ဆာတောင်ကြား (Barossa Valley) နှင့် ဖလင်ဒါစ်တောင်တန်း (Flinders Ranges) တို့ပါဝင်သည်။




**တယ်စ်မေးနီးယား (Tasmania)** သည် အသေးငယ်ဆုံးသော ပြည်နယ်ဖြစ်ပြီး၊ ၎င်းနှင့်ပြည်မကို 'ဘတ်စ်စထရိတ်' ရေလက်ကြား (Bass Strait) က ခွဲထားသည်။ တယ်စ်မေးနီးယား၏ မြို့တော်မှာ ဟိုးဘတ်တ်ဖြစ်သည်။ ကျွန်း၏နေရာအများစု၌ မူလသဘာဝအတိုင်းရှိနေသေးသော တောတောင်ကန္တာရ ရှုခင်းများရှိသည်။ တယ်စ်မေးနီးယား၏ အထင်ကရအမှတ်သညာများတွင် ခရက်ဒဲလ် တောင် (Cradle Mountain)၊ အာသာဆိပ်ကမ်း (Port Arthur) နှင့် မီးပင်လယ်အော် (Bay of Fires) တို့ ပါဝင်သည်။

## ဒေသများ



**သြစတြေးလျားမြို့တော်ဒေသ (Australian Capital Territory)** သည် ဆစ်ဒ်နီနှင့် မယ်လ်ဘန်တို့အကြား၌ တည်ရှိသည်။ ၎င်းသည် နိုင်ငံတော်၏ မြို့တော်၊ ကမ်ဘာရာတည်ရှိရာအရပ် ဖြစ်သည်။ ကမ်ဘာရာသည် လွှတ်တော် 'ပါလီမန်ဟောက်စ် (Parliament House) နှင့် ဗဟိုတရားရုံး (High Court) တို့ကဲ့သို့သော အရေးကြီးသည့် နိုင်ငံတော်၏ အထင်ကရ အဖွဲ့အစည်းများ ရုံးစိုက်ရာအရပ်ဖြစ်သည်။



**မြောက်ပိုင်းဒေသတွင် (Northern Territory)** ယဉ်စွန်းတန်း အပူပိုင်းဒေသရှိပြီး တောင်ပိုင်း၌ မြေနီကန္တာရရှိသည်။ ဒါရဝင်သည် မြို့တော်ဖြစ်သည်။ မြောက်ပိုင်းဒေသ အထင်ကရ အမှတ်သညာများတွင် Uluru, Kata Tjuta နှင့် Kings Canyon တို့ပါဝင်သည်။



# ဓလေ့ထုံးစံများ

## နိုင်ငံတော်မှ ကြိုဆိုရေးနှင့် နိုင်ငံမှ ကျေးဇူးတင်ရှိခြင်း လုပ်ထုံးလုပ်နည်းများ

နိုင်ငံတော်မှ ကြိုဆိုရေးသည် အက်ဘော်ရစ်ဂျင်နယ် သို့မဟုတ် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများ စောင့်ရှောက်မှုအောက်တွင်ရှိသော ဒေသတစ်ခု၏ မိမိတို့ရှေးရိုးရာတိုင်းပြည်ကို လာရောက်သည့် ဧည့်သည်များကို ကြိုဆိုရာတွင် ပြုလုပ်သည့် ယဉ်ကျေးမှု အလေ့အထတစ်ခုဖြစ်သည်။ ဤသည်မှာ ဧည့်သည်များ ထိုမြေပေါ် သို့ လာရောက်ချိန်အတွင်း ဘေးအန္တရာယ်ကင်းပြီး အကာအကွယ်ရှိသော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သေချာစေရန် အစဉ်အလာအရ ပြုလုပ်ခြင်းဖြစ်သည်။

နိုင်ငံမှ ကြိုဆိုရေးပုံစံကို ရိုးရာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် သီချင်းများ၊ အကများ၊ သို့မဟုတ် မိုင်းတိုက်ပွဲအခမ်းအနားများ သို့မဟုတ် မိန့်ခွန်းများအပါအဝင် ပုံစံမျိုးစုံဖြင့် ပြုလုပ်နိုင်သည်။

နိုင်ငံမှ ကြိုဆိုရေးပုံစံကို အများအားဖြင့် အခမ်းအနားတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်တစ်ခု၏ ပထမဆုံး ဆောင်ရွက်ဖွယ် ကိစ္စတစ်ခု ဖြစ်လေ့ရှိသည်။

နိုင်ငံမှ ကျေးဇူးတင်ရှိခြင်းသည် အက်ဘော်ရစ်ဂျစ်နလ် သို့မဟုတ် တော်ရယ်စ် ရေလက်ကြားကျွန်း မြေပေါ်တွင် စုရုံးရောက်ရှိလာခြင်းကို အသိအမှတ်ပြုခြင်း၊ အစဉ်အလာအရ စောင့်ရှောက်သူများ အထူးသဖြင့် ယခင်နှင့် ယခုအချိန်ရှိ သက်ကြီးရွယ်အိုများအား အရိုအသေပေးခြင်း၊ တက်ရောက်လာသည့် အက်ဘော်ရစ်ဂျစ်နယ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများအား အရိုအသေပေးခြင်းကို အသိအမှတ်ပြုနိုင်မည့် အခွင့်အရေးတစ်ခုဖြစ်သည်။

နိုင်ငံမှ ကျေးဇူးတင်ရှိခြင်းသည် အများအားဖြင့် အစည်းအဝေးပွဲများနှင့် အခမ်းအနားပွဲများရှိ ကြိုဆိုရေးနှင့် အိမ်မှုကိစ္စထိန်းသိမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြုလုပ်လေ့ရှိသည်။ နိုင်ငံမှ ကျေးဇူးတင်ရှိခြင်းကို မည်သူမဆို ပြုလုပ်နိုင်ပါသည်။ အစည်းအဝေးပွဲများ/အခမ်းအနားပွဲများတွင် ၎င်းမှာယေဘုယျအားဖြင့် အခမ်းအနား ဥက္ကဋ္ဌ သို့မဟုတ် အခမ်းအနားမှူးများက ပြုလုပ်လေ့ရှိသည်။

ဤအလေ့အထများကို အက်ဘော်ရစ်ဂျစ်နယ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများအတွက် အရိုအသေပေးရန် ပြုလုပ်ခြင်းဖြစ်သည်။



# ဩစတြေးလျားပြည်သားများအတွက် နေ့ကြီးရက်ကြီးများ

## ဩစတြေးလျားနိုင်ငံတော်နေ့

နှစ်စဉ် ဇန်နဝါရီလ 26 ရက်နေ့၌ ကျွန်ုပ်တို့သည် ဩစတြေးလျားနိုင်ငံတော်နေ့ကို ကျင်းပကြသည်။ ဩစတြေးလျားနိုင်ငံတော်နေ့သည် ဩစတြေးလျားနိုင်ငံတော်၏ ပြည်နယ်တိုင်းနှင့် ဒေသတိုင်း၌ အစိုးရရုံးပိတ်ရက်တစ်ရက်ဖြစ်သည်။ ယင်းနေ့သည် 1788 ခုနှစ်၌ ဂရိတ်ဗြိတိန်မှ ပထမသင်္ဘောအုပ်စု (First Fleet) ဆိုက်ရောက်လာသောနေ့၏ နှစ်ပတ်လည်ဖြစ်သည်။

ဩစတြေးလျားနိုင်ငံတော်နေ့တွင် ဩစတြေးလျားနိုင်ငံတစ်ဝှမ်းမှ အသိုက်အဝန်းများသည် ကျွန်ုပ်တို့၏ သမိုင်းကြောင်းနှင့် ကျွန်ုပ်တို့၏ တူညီသော အောင်မြင်မှုများတွင် ပါဝင်ပံ့ပိုးကူညီကြသူများအား ထင်ဟပ်လျက်ရှိပါသည်။ ၎င်းသည် ဩစတြေးလျားနိုင်ငံ၌ရှိသော အများပြည်သူတို့၏ အကြီးကျယ်ဆုံးသော နှစ်စဉ်အထိမ်းအမှတ်နေ့ဖြစ်သည်။

ဩစတြေးလျားနေ့သည် ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်နှင့် မပြတ်ပြောင်းလဲနေသော နိုင်ငံတော်ဖြစ်စေရန် ပြုလုပ်ပေးခဲ့ကြသည့် ဩစတြေးလျားနိုင်ငံသားတိုင်း၊ ဤနေရာတွင် နှစ်ပေါင်း 65,000 နီးပါး နေထိုင်လျက်ရှိကြသော အက်ဘော်ရစ်ဂျစ်နယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများမှသည် - သားစဉ်မြေးဆက်နေထိုင်ခဲ့ကြသူများအထိနှင့် ကမ္ဘာတစ်ဝန်းမှ လာရောက်ပြီး ကျွန်ုပ်တို့နိုင်ငံကို မိခင်နိုင်ငံအဖြစ် ပြုလုပ်ခဲ့ကြသူများအားလုံးကို အသိအမှတ်ပြုပြီး ကြိုဆိုခြင်းဖြစ်သည်။ ဩစတြေးလျားနိုင်ငံတော်နေ့ကို ဩစတြေးလျားနိုင်ငံတော်တစ်ဝန်းတွင် အထူးနိုင်ငံသားအဖြစ်ခံယူပွဲ အခမ်းအနားများအပါအဝင် လူမှုရေးလှုပ်ရှားဆောင်ရွက်မှုများဖြင့် အသိအမှတ်ပြုကြပါသည်။

ဩစတြေးလျနိုင်ငံတော်နေ့ အကြိုအခမ်းအနား၌ ဝန်ကြီးချုပ်သည် ထိုနှစ်၏ ထူးချွန်ဩစတြေးလျား နိုင်ငံသားဆုများ (Australian of the Year Awards) ကို ကယ်န်ဘရာမြို့တော်၌ ကြေငြာသည်။

## အဲန်းဇက်က်နေ့

နှစ်စဉ် ဧပြီ 25 ရက်နေ့၌ အဲန်းဇက်က်နေ့ အထိမ်းအမှတ်နေ့ကို ကျင်းပကြသည်။ ပထမကမ္ဘာစစ်ကြီးဖြစ်နေစဉ် ဧပြီ 25၊ 1915 ခုနှစ် တူရကီနိုင်ငံရှိ ဂလစ်ပလီ (Gallipoli) ၌ ကမ်းခြေတက်ခဲ့ကြသော ဩစတြေးလျားနှင့် နယူးဇီလန် တပ်မကြီးကို အစွဲပြု၍ အမည်မှည့်ထားခြင်းဖြစ်သည်။

အဲန်းဇက်က်နေ့သည် စစ်များတွင်လည်းကောင်း၊ ပဋိပက္ခများတွင်လည်းကောင်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်းကောင်း အမှုထမ်းရိုက် အသက်ဆုံးပါးသွားကြသည့် ဩစတြေးလျားနိုင်ငံသားများအားလုံး၏ စွန့်လွှတ်အနစ်နာခံခဲ့မှုများကို ကျွန်ုပ်တို့က တည်ကြည်လေးနက်စွာ သတိရတမ်းတသောနေ့ဖြစ်သည်။ စစ်မှုထမ်းအမျိုးသားနှင့် အမျိုးသမီးအားလုံးတို့၏ သူရသတ္တိနှင့် တာဝန်သိစိတ်တို့ကိုလည်း ကျွန်ုပ်တို့က အမှတ်တရဂုဏ်ပြုကြပြီး စစ်ပွဲ၏ အဓိပ္ပါယ်ပေါင်းများစွာကိုလည်း ဆင်ခြင်ကြည့်ကြသည်။

အခြားအရေးပါသော နိုင်ငံတော်နေ့များနှင့် အထိမ်းအမှတ်နေ့များ၏ သတင်းအကြောင်းအချက်များကို ပိုမိုသိရှိလိုပါက *အပိုင်း 5 ၊ မျက်မှောက် ဩစတြေးလျားနိုင်ငံတော်*၌ တွေ့ရှိနိုင်သည်။

# ဩစတြေးလျားနိုင်ငံတော်၏ အလံများ

ဩစတြေးလျားနိုင်ငံတော်အလံသည် ကျွန်ုပ်တို့နိုင်ငံ၏ တရားဝင်အလံဖြစ်သည်။ အခြားတရားဝင် အသိအမှတ်ပြုပြီး အသိုက်အဝန်းအတွင်း လွှင့်တင်နိုင်သည့် အခြားအလံများတွင် ဩစတြေးလျားအက်ဘော်ရစ်ဂျစ်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသား အလံပါဝင်သည်။

ပြည်နယ်တစ်ခုစီနှင့် ဒေသတစ်ခုစီတို့၌လည်း ၎င်းတို့၏ သီးခြားအလံများရှိကြသေးသည်။ ၎င်းတို့ကို စာမျက်နှာ 11 ၌ တွေ့ရှိနိုင်သည်။

## ဩစတြေးလျားနိုင်ငံတော်အလံ

ဩစတြေးလျားနိုင်ငံတော်အလံသည် အပြာ၊ အဖြူနှင့် အနီရောင်တို့ဖြစ်သည်။

- ယူနီယံဂျက် (Union Jack) ဟု သိရှိကြသော ဂရိတ်ဗြိတိန်၏ အလံသည် ဘယ်ဖက်၊ အထက်ထောင့်စွန်းတွင် ရှိသည်။ အကျိုးဆက်အနေဖြင့် ယင်းအလံသည် ကျွန်ုပ်တို့၌ ဗြိတိသျှအခြေချမှုသမိုင်းနှင့် ကျွန်ုပ်တို့ဆက်ဆံသည့် ဥပဒေများနှင့် ထုံးတမ်းဓလေ့များကို ကိုယ်စားပြုသည်။
- ဓနသဟာယ ကြယ်ပွင့် (Commonwealth Star) သည် ယူနီယံဂျက်အောက်၌ ရှိသည်။ ဤကြယ်ပွင့်၌ အစွန်း ၇ စွန်းရှိပြီး ပြည်နယ်ခြောက်ခုအတွက်နှင့် ဒေသတစ်ခုအတွက် တစ်စွန်းစီဖြစ်သည်။
- တောင်ပိုင်းကြယ်စု (Southern Cross) သည် တောင်ပိုင်းကောင်းကင်၌ ကျွန်ုပ်တို့ တွေ့ရှိနိုင်သော ကြယ်အစုဖြစ်သည်။



## ဩစတြေးလျား အက်ဘော်ရစ်ဂျင်နယ်အလံ



ဩစတြေးလျား အက်ဘော်ရစ်ဂျင်နယ်အလံသည် အနက်၊ အနီနှင့် အဝါရောင်တို့ဖြစ်သည်။

- အပေါ်ထက်ဝက်သည် အနက်ရောင်ဖြစ်ပြီး၊ ဩစတြေးလျားနိုင်ငံ၏ အက်ဘော်ရစ်ဂျင်နယ် လူမျိုးများအား ကိုယ်စားပြုသည်။
- အောက်ထက်ဝက်သည် အနီရောင်ဖြစ်ပြီး အခမ်းအနားဆိုင်ရာ အရေးပါမှုရှိသော ကမ္ဘာကြီးကို ကိုယ်စားပြုသည်။
- စက်ဝိုင်းအဝါသည် နေသူရိန်ကို ကိုယ်စားပြုသည်။

## တောရယ်စ်ရေလက်ကြားကျွန်းသားအလံ

တောရယ်စ်ရေလက်ကြားကျွန်းသားအလံသည် အစိမ်း၊ အပြာ၊ အနက်နှင့် အဖြူတို့ဖြစ်သည်။

- အစိမ်းရောင်အစင်းများသည် ကုန်းမြေကို ကိုယ်စားပြုသည်။
- အလယ်ဗဟို၌ရှိသော ဘောင်ကွက်အပြာသည် ပင်လယ်ကို ကိုယ်စားပြုသည်။
- မျဉ်းအနက်ရောင်များသည် တောရယ်စ်ရေလက်ကြား ကျွန်းသားလူမျိုးကို ကိုယ်စားပြုသည်။
- အလယ်ဗဟို၌ရှိသော ကချေသည်၏ခေါင်းဆောင်းအဖြူသည် တောရယ်စ်ရေလက်ကြားကျွန်းသားအားလုံး၏ သင်္ကေတဖြစ်သည်။
- ကြယ်ဖြူ၏ အစွန်းများသည် တောရယ်စ်ရေလက်ကြားရှိ ကျွန်းစုများကို ကိုယ်စားပြုသည်။ အဖြူရောင်သည် ငြိမ်းချမ်းရေး၏ သင်္ကေတဖြစ်သည်။



# ဩစတြေးလျားနိုင်ငံ၏ သင်္ကေတများ

## ဓနသဟာယ တံဆိပ်အမှတ်အသား

ဓနသဟာယ တံဆိပ်အမှတ်အသားသည် ဩစတြေးလျားဓနသာယ၏ တရားဝင် သင်္ကေတဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ အမျိုးသားညီညွတ်မှုကို ကိုယ်စားပြုသည်။ ၎င်းသည် ဩစတြေးလျ ဓနသဟာယ၏ အချုပ်အချာနှင့် အာဏာပိုင်ဆိုင်မှု ပြခြင်းတို့ကို ဖော်ညွှန်းသည်။




- အလယ်ဗဟို၌ရှိသော ဒိုင်းသည် ပြည်နယ်ခြောက်ခုနှင့် ပြည်ထောင်စုကို ကိုယ်စားပြုသည်။
- သားပိုက်ကောင်တစ်ကောင်နှင့် အီးမျူးငှက်တစ်ကောင်တို့က ဒိုင်းကို တစ်ဖက်တစ်ချက်မှ ဖေးမထားကြသည်။ သားပိုက်ကောင်များနှင့် အီးမျူးငှက်နှစ်ကောင်စလုံးသည် ဩစတြေးလျားနိုင်ငံတွင် မူလကတည်းက ရှိနေခဲ့သော တိရစ္ဆာန်များဖြစ်သည်။
- ရွှေရောင်ဓနသဟာယ ကြယ်တစ်ပွင့်သည် ဒိုင်းအပေါ်တွင် တည်ရှိသည်။
- နောက်ခံသည် ဩစတြေးလျား၏ နိုင်ငံတော်ပန်း 'ဂိုးလ်ဒန် ဝပ်တလ်' (golden wattle) ဖြစ်သည်။


## ဩစတြေးလျားနိုင်ငံတော်၏ ပန်းသင်္ကေတ

ဩစတြေးလျားနိုင်ငံတော်၏ ပန်းသင်္ကေတသည် 'ဂိုးလ်ဒန် ဝပ်တလ်' ဖြစ်သည်။ ဂိုးလ်ဒန် ဝပ်တလ်' သစ်ပင်ငယ်သည် အဓိကအားဖြင့် အရှေ့တောင်ဩစတြေးလျား၌ ပေါက်သည်။ နွေဦးတွင် အစိမ်းလွင်ရောင်အရွက်များနှင့် ရွှေဝါရောင်ပန်းအမြောက်အမြား ပွင့်သည်။ ပြည်နယ်တစ်ခုစီနှင့်ဒေသတစ်ခုစီတို့၌လည်း ၎င်းတို့၏ ကိုယ်ပိုင်ပန်းသင်္ကေတများရှိကြသည်။



## ဩစတြေးလျားနိုင်ငံတော်၏ နိုင်ငံတော်အရောင်များ

ဩစတြေးလျားနိုင်ငံတော်၏ နိုင်ငံတော်အရောင်များမှာ 'ဂိုးလ်ဒန် ဝပ်တလ်' ၏ အရောင်များဖြစ်ကြသော အစိမ်းရောင်နှင့်ရွှေရောင်တို့ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ နိုင်ငံတော်အားကစားအသင်းများ၏ ဝတ်စုံများသည် အများအားဖြင့် အစိမ်းရောင်နှင့်ရွှေရောင်တို့ ဖြစ်ကြသည်။





## ဩစတြေးလျားနိုင်ငံတော်၏ နိုင်ငံတော်ကျောက်မျက်

မဟူရာဖလား 'အိုပလ် (opal) သည် ဩစတြေးလျား၏ နိုင်ငံတော်ကျောက်မျက်ဖြစ်သည်။ အက်ဘော်ရစ်ဂျင်နလ် ဒဏ္ဍာရီတွင် သက်တန့်က ပထဝီမြေကို ထိတွေ့ပြီးသည့်နောက် မဟူရာဖလား၏ အရောင်ကို ဖန်တီးခဲ့လေသည်။



# ဩစတြေးလျား၏ နိုင်ငံတော်သီချင်း

'ဩစတြေးလျား၏ အလှကိုတိုးမြှင့်ကြပါစို့' (Advance Austrilia Fair) သည် ဩစတြေးလျား၏ နိုင်ငံတော်သီချင်းဖြစ်သည်။ ၎င်းသီချင်းကို ဩစတြေးလျားနိုင်ငံသားအဖြစ် ခံယူပွဲများ၊ အဓိက အားကစား ပြိုင်ပွဲစဉ်များအပါအဝင် နိုင်ငံတော်၏ အရေးပါသော အခါသမယများတွင် သီဆိုကြသည်။

## Advance Australia Fair

*Australians all let us rejoice,*
*For we are one and free;*
*We've golden soil and wealth for toil;*
*Our home is girt by sea;*
*Our land abounds in nature's gifts*
*Of beauty rich and rare;*
*In history's page, let every stage*
*Advance Australia Fair.*
*In joyful strains then let us sing,*
*Advance Australia Fair.*

*Beneath our radiant Southern Cross*
*We'll toil with hearts and hands;*
*To make this Commonwealth of ours*
*Renowned of all the lands;*
*For those who've come across the seas*
*We've boundless plains to share;*
*With courage let us all combine*
*To Advance Australia Fair.*
*In joyful strains then let us sing,*
*Advance Australia Fair.*



# အပိုင်း နှစ်

# ဩစတြေးလျားနိုင်ငံတော်၏ ဒီမိုကရက်တစ် ယုံကြည်ချက်များ၊ အခွင့်အရေးများနှင့်လွတ်လပ်မှုများ

# ဩစတြေးလျားနိုင်ငံတော်၏ ဒီမိုကရက်တစ် ယုံကြည်ချက်များ၊ အခွင့်အရေးများနှင့်လွတ်လပ်မှုများ

ဩစတြေးလျားနိုင်ငံသားအဖြစ် ခံယူပွဲအခမ်းအနားတွင် သင်သည် ဩစတြေးလျား နိုင်ငံတော်၏ ဒီမိုကရက်တစ် ယုံကြည်ချက်များကို လက်ခံကြောင်း၊ ၎င်း၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို လေးစားကြောင်း ကတိသစ္စာပြုခဲ့သည်။ ဩစတြေးလျားနိုင်ငံတော်၏ ဒီမိုကရက်တစ် ယုံကြည်မှုများနှင့် ဩစတြေးလျားပြည်သူအားလုံးက မျှဝေကြသော အခွင့်အရေးများနှင့် လွတ်လပ်မှုများကို နားလည်ရန် အလွန်အရေးကြီးသည်။

လက်စွဲစာစောင်၏ ဤအပိုင်းတွင် ဤယုံကြည်မှုများ၊ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ဖော်ပြထားသည်။ ပိုမိုသိရှိလိုပါက *အပိုင်း 4၊ ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများ* ကို ကြည့်ပါ။

## ကျွန်ုပ်တို့၏ ဒီမိုကရက်တစ်ယုံကြည်ချက်များ

### ပါလီမန်ဒီမိုကရေစီ

ဩစတြေးလျားနိုင်ငံ၏ အစိုးရစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားများသည် လွှတ်တော် (ပါလီမန်) ၌ မိမိတို့အား ကိုယ်စားပြုကြမည့်သူများကို ပုံမှန်မဲဆန္ဒထည့်ကြခြင်းကြောင့် အစိုးရ၏အမိန့်အာဏာသည် ဩစတြေးလျားနိုင်ငံသားများထံမှ လာသည်။ ပါလီမန်ဒီမိုကရက်တစ်စနစ်တစ်ခု၌ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များအတွက် ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူတို့အပေါ် တာဝန်ရှိကြရသည်။

### တရားဥပဒေစိုးမိုးမှု

ဩစတြေးလျားနိုင်ငံသားများအားလုံးသည် တရားဥပဒေအရ သာတူညီမျှဖြစ်ကြသည်။ တရားဥပဒေစိုးမိုးမှုဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ဥပဒေစိုးမိုးမှု၏ ပြင်ပတွင်မရှိပါ။ ဩစတြေးလျား လူမှုအဖွဲ့အစည်း၌ လုပ်ပိုင်ခွင့်အာဏာရှိကြသူများအပါအဝင် လူတိုင်းသည် ဩစတြေးလျားနိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာကြရမည်။ ၎င်း၌ အစိုးရ၊ လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များအပြင် စီးပွားရေး လုပ်ငန်းရှင်များနှင့် ရဲတပ်ဖွဲ့တို့လည်း ပါဝင်ကြသည်။

### အေးချမ်းစွာနေထိုင်ကြခြင်း

ဩစတြေးလျားနိုင်ငံသားများအားလုံးသည် တည်ငြိမ်မှုရှိသော အစိုးရစနစ်ရှိသည့် ငြိမ်းချမ်းသော နိုင်ငံတစ်ခု၌ နေထိုင်ကြရခြင်းကို ဂုဏ်ယူသည်။ ဩစတြေးလျားနိုင်ငံသားများ ဂုဏ်ယူသည်မှာ ပြောင်းလဲမှုများသည် ဆွေးနွေးခြင်း၊ ငြိမ်းချမ်းစွာ ဆွဲဆောင်ခြင်းနှင့် ဒီမိုကရက်တစ်လုပ်ငန်းစဉ်များဖြင့်သာ ဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် အကြမ်းဖက်နည်းသုံး၍ သူတစ်ပါး၏ စိတ် သို့မဟုတ် တရားဥပဒေအား ပြောင်းလဲခြင်းကို ငြင်းပယ်သည်။

### လူတစ်ဦးချင်းအားလုံးကို နောက်ခံမရွေးလေးစားမှု

ဩစတြေးလျားနိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ၎င်းတို့၏နောက်ခံအခြေအနေကို ပဓာနမထားဘဲ လူပုဂ္ဂိုလ်အားလုံးတွင် ဩစတြေးလျားနိုင်ငံသား ဥပဒေအရ အခွင့်အရေးများနှင့် တန်းတူညီမျှမှုရှိသည်ဟူသော အခြေခံသဘောတရားပေါ်တွင် အခြေခံထားပါသည်။ ဩစတြေးလျားနိုင်ငံသားများအားလုံးသည် မည်သည့်လူမျိုး၊ ချက်မြှုပ်နိုင်ငံ၊ လိင်၊ လိင်တိမ်းညွှတ်မှု၊ အိမ်ထောင်ရေး အခြေအနေ၊ အသက်၊ မသန်စွမ်းမှု၊ ရိုးရာအမွေအနှစ်၊ ယဉ်ကျေးမှု၊ နိုင်ငံရေးယုံကြည်ချက်၊ ဥစ္စာဓန သို့မဟုတ် ဘာသာရေး ခံယူချက်ဟူ၍ မရွေးဘဲ တစ်ဦးနှင့်တစ်ဦးအား ဂုဏ်သိက္ခာထား လေးစားကြရေးကို မျှော်လင့်လိုလားသည်။



# ကျွန်ုပ်တို့၏ လွတ်လပ်ခွင့်များ

## လွပ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြနိုင်ခွင့်

လွပ်လပ်စွာ ပြောဆိုခွင့်ဆိုသည်မှာ လူများသည် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ပြောနိုင်၊ ရေးနိုင်ကြပြီး ၎င်းတို့အယူအဆများကို အခြားသူများနှင့် ဆွေးနွေးနိုင်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ ဥပမာ - လူများသည် ဩစတြေးလျားဥပဒေများကို လိုက်နာနေဆဲဖြစ်သရွေ့ အစိုးရကို ဝေဖန်နိုင်သည်၊ အစိုးရ၏ ဆုံးဖြတ်ချက်များကို ငြိမ်းချမ်းစွာ ဆန္ဒပြနိုင်ပြီး ဥပဒေများပြောင်းလဲရန် စည်းရုံးပွဲများ ပြုလုပ်နိုင်သည်။

လွတ်လပ်စွာဖော်ပြနိုင်ခွင့်ဆိုသည်မှာ လူများသည် အနုပညာ၊ ရုပ်ရှင်၊ ဂီတနှင့် စာပေမှတစ်ဆင့် မိမိတို့၏ အမြင်များကို ဖော်ပြနိုင်သည်ဟု အဓိပ္ပါယ်ရသည်။ လူများသည် လူမှုရေး သို့မဟုတ် နိုင်ငံရေးဆွေးနွေးမှုများအတွက် အများသုံးနေရာများ၌လည်းကောင်း၊ သီးသန့်နေရာများ၌လည်းကောင်း လူများနှင့်တွေ့ဆုံရန် ကျွန်ုပ်တို့တွင် လွတ်လပ်မှုရှိသည်။

အမြဲတမ်းအားဖြင့် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့် လွတ်လပ်စွာဖော်ပြနိုင်ခွင့်တို့ ကျင့်သုံးနေစဉ်တွင်ပင် ဩစတြေးလျားနိုင်ငံ၏ ဥပဒေများကို မဖြစ်မနေလိုက်နာရမည်။ ကျွန်ုပ်တို့သည် အခြားသူများ၏ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့်လွတ်လပ်စွာ ဖော်ပြနိုင်ခွင့်တို့ကို လေးစားရမည်။

## အဖွဲ့အစည်းဆိုင်ရာ လွတ်လပ်ခွင့်

အဖွဲ့အစည်းဆိုင်ရာ လွတ်လပ်ခွင့်သည် ဘုံတူညီသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် အဖွဲ့ဝင်ခွင့်ဖြစ်သည်။ ဥပမာ - ဩစတြေးလျားနိုင်ငံသားများသည် နိုင်ငံရေးအဖွဲ့အစည်း၊ ကုန်သွယ်ရေးသမဂ္ဂ၊ ဘာသာရေး၊ ယဉ်ကျေးမှု သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများကဲ့သို့သော မည်သည့်တရားဝင်အဖွဲ့အစည်း၌မဆို လွတ်လပ်စွာ အဖွဲ့ဝင်နိုင်သည်။ အဖွဲ့မဝင်လိုကြောင်းကိုလည်း ဆုံးဖြတ်နိုင်ပြီး ထိုသို့လုပ်ဆောင်ရန် အတင်းအကျပ်ခိုင်း၍ မရပါ။

ဩစတြေးလျားနိုင်ငံသားများသည် အခြားသူများနှင့် စုပေါင်း၍ အစိုးရ၏ လုပ်ရပ်တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ကန့်ကွက်ဆန္ဒပြနိုင်သည်။ သို့သော် ကန့်ကွက်ဆန္ဒပြခြင်းအားလုံးသည် ဥပဒေဘောင်အတွင်းရှိရမည်။ ယင်း၏ အဓိပ္ပါယ်မှာ ကန့်ကွက်ဆန္ဒပြခြင်းများသည် အေးချမ်းမှုရှိရပြီး မည်သူ့အားမဆို ထိခိုက်နာကျင်မှုမဖြစ်စေရပါ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းကို မဖျက်ဆီးရပါ။

## ဘာသာရေးလွတ်လပ်ခွင့်

ဩစတြေးလျားနိုင်ငံတွင် ဂျူးဘာသာကိုးကွယ်သော-ခရစ်ယာန်ဘာသာဝင် အမွေအနှစ်များရှိပြီး ဩစတြေးလျားလူမျိုးအများစုတို့မှာ သူတို့ကိုယ်သူတို့ ခရစ်ယာန်ဘာသာဝင်များအဖြစ် ဖော်ပြကြသော်လည်း ဩစတြေးလျားနိုင်ငံမှာ ဘာသာကြီးများအားလုံးမှ လူများလည်းရှိပါသည်။ ဩစတြေးလျားနိုင်ငံတွင် သခင်ယေရှု ကားစင်တင်ခံရသော သောကြာနေ့ (Good Friday)၊ အီစတာပွဲတော်နေ့ (Easter Sunday) နှင့် ခရစ်စမတ်ပွဲတော်နေ့ဟူ၍ နေ့ရက်များ ရှိပါသည်။

အစိုးရနှင့် ဥပဒေသည် နိုင်ငံသားများအား ၎င်းတို့၏ ဘာသာရေး သို့မဟုတ် ယုံကြည်ချက်များ မည်သို့ပင်ရှိနေပါစေ တန်းတူညီမျှ ဆက်ဆံရမည်ဖြစ်သည်။ ဩစတြေးလျားအစိုးရသည် လောကီသီးသန့်ပုံစံဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသည် ခရစ်ယာန်ဘုရားကျောင်းများ သို့မဟုတ် အခြားဘာသာရေးအဆောက်အအုံများနှင့် ပတ်သက်မှုမရှိ သီးခြားလည်ပတ်သည်။ဩစတြေးလျားနိုင်ငံတွင် နိုင်ငံတော်၏ တရားဝင်ဘာသာဟူ၍ မရှိပါ။ ဩစတြေးလျားနိုင်ငံရှိ ပြည်သူများသည် ၎င်းတို့ရွေးချယ်သည့် မည်သည့်ဘာသာကိုမဆို ကိုးကွယ်နိုင်သည်။ ၎င်းတို့သည် မည်သည့်ဘာသာအယူဝါဒတစ်ခုခုကိုမျှ မလိုက်နာကြဘဲ နေလိုကနေနိုင်ပါသည်။

အမြဲတမ်းအားဖြင့် ဘာသာရေး ကျင့်သုံးမှုများ ပြုလုပ်နေစဉ်တွင်ပင် ဩစတြေးလျားနိုင်ငံ၏ ဥပဒေများကို မဖြစ်မနေလိုက်နာရမည်။ ဩစတြေးလျားနိုင်ငံသားဥပဒေတစ်ခုနှင့် ဘာသာရေးကျင့်သုံးမှုတစ်ခုတို့ကြား ပဋိပက္ခတစ်ခုဖြစ်လာပါက ဩစတြေးလျားနိုင်ငံသားဥပဒေသာ အလေးသာမည်ဖြစ်သည်။

# ကျွန်ုပ်တို့၏ တန်းတူညီမျှမှုများ

သူတစ်ဦးအား ၎င်း၏လိင်၊ လူမျိုးနွယ်၊ မသန်စွမ်းမှု သို့မဟုတ် အသက်အရွယ်တို့ကဲ့သို့သော အကြောင်းတစ်ခုခုကြောင့် အခြားသူများနှင့်မတူ ခွဲခြားဆက်ဆံမခံရစေရန် ပြဋ္ဌာန်းထားသောဥပဒေများ အမြောက်အမြားရှိသည်။

## အမျိုးသားများနှင့် အမျိုးသမီးများတို့၏ တန်းတူညီမှု

ဩစတြေးလျားနိုင်ငံ၌ အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူညီမျှ အခွင့်အရေးများရှိကြသည်။ လူတစ်ဦးအား ၎င်း၏လိင်ကြောင့် ခွဲခြားဆက်ဆံခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

## အခွင့်အရေး၏ တန်းတူမှုနှင့် 'တရားမျှတသော အခွင့်အရေး' (fair go)

ဩစတြေးလျားနိုင်ငံသားများသည် ကျွန်ုပ်တို့လူ့ဘောင်တွင် အခွင့်အရေးတန်းတူမှုကို တန်ဖိုးထားသည်၊ ယင်းကို မကြာခဏအားဖြင့် 'တရားမျှတသော အခွင့်အရေး' ဟု ခေါ် သည်။ ဤအဓိပ္ပါယ်မှာ လူတစ်ဦးက သူ၏ဘဝ၌ စွမ်းဆောင်ရရှိခဲ့သော အရာတစ်ခုသည် ထိုသူ၏ ခနေ သို့မဟုတ် နောက်ခံအခြေအနေထက် လုံ့လနှင့်စွမ်းရည်များ၏ ရလဒ်ကြောင့်ဖြစ်သင့်သည်။ ယင်းမှာ ဩစတြေးလျားနိုင်ငံ တရားဝင်လူ့ဘောင်၌ လူတန်းစားကွဲပြားမှု မရှိစေရေးအတွက်ဖြစ်သည်။

# ဩစတြေးလျားနိုင်ငံ တာဝန်ဝတ္တရားများနှင့် အခွင့်ထူးများ

သင်သည် ဩစတြေးလျားနိုင်ငံသားတစ်ဦးဖြစ်လာသည့်အခါ သင့်၌ တာဝန်ဝတ္တရား အသစ်များ ရှိလာလိမ့်မည်။

## တာဝန်များ - ဩစတြေးလျားနိုင်ငံကို သင်ကဆောင်ရွက်ပေးရမည်

ဩစတြေးလျားနိုင်ငံသားတစ်ဦးအနေဖြင့် သင်သည် -

- တရားဥပဒေကိုလိုက်နာရမည်
- ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲတစ်ခုခု၌ မဲထည့်ရမည်
- လိုအပ်လာပါက ဩစတြေးလျားနိုင်ငံတော်အတွက် ခုခံကာကွယ်ပေးရမည်
- ဆင့်ခေါ် ခံရပါက တရားရုံး၌ ခုံသမာဓိအဖွဲ့ဝင် (ဂျူရီ) တာဝန်ထမ်းဆောင်ရမည်။

## အခွင့်ထူးများ - ဩစတြေးလျားနိုင်ငံက သင့်အားဆောင်ရွက်ပေးမည်

ဩစတြေးလျားနိုင်ငံသားတစ်ဦးအနေဖြင့် သင်ပြုလုပ်နိုင်သည်မှာ -

- ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲတစ်ခုခု၌ မဲထည့်ရမည်
- ပင်လယ်ရပ်ခြား၌ရှိခိုက် မွေးဖွားလာသောကလေးကို မျိုးနွယ်ဆင်းသက်မှုအရ ဩစတြေးလျားနိုင်ငံသားများအဖြစ် မှတ်ပုံတင်နိုင်သည်
- ဩစတြေးလျားနိုင်ငံ ပြည်သူ့ဝန်ထမ်းလုပ်ငန်း သို့မဟုတ် ဩစတြေးလျားနိုင်ငံတပ်မတော်တွင် အလုပ်လျှောက်ထားနိုင်သည်
- လွှတ်တော် (ပါလီမန်) ၌ ရွေးချယ်ခံနိုင်သည်
- ဩစတြေးလျားနိုင်ငံကူးလက်မှတ်ကို လျှောက်ထားပြီး ဩစတြေးလျားနိုင်ငံတွင်းသို့ လွတ်လပ်စွာ ပြန်လည်ဝင်ရောက်နိုင်သည်
- ပင်လယ်ရပ်ခြား၌ရှိခိုက် ဩစတြေးလျားနိုင်ငံ၏ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အကူအညီရယူနိုင်သည်။




# တာဝန်ဝတ္တရားများ

## ဩစတြေးလျား တရားဥပဒေလိုက်နာမှု

ကျွန်ုပ်တို့၏ အစိုးရကိုယ်စားလှယ်များသည် စည်းစနစ်ကျ၍ လွတ်လပ်ပြီး လုံခြုံမှုရှိသော လူ့အသိုင်းအဝိုင်းတစ်ခုကို ထိန်းသိမ်းရန်နှင့် ကျွန်ုပ်တို့၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် တရားဥပဒေကို ပြဌာန်းသည်။ ဩစတြေးလျားနိုင်ငံသားများအားလုံးနှင့် ဩစတြေးလျားနိုင်ငံရှိ အခြားသူများသည် ဩစတြေးလျားဥပဒေများကို လိုက်နာရမည်။

ဩစတြေးလျားနိုင်ငံ၏ အချို့သော အရေးကြီးသည့် တရားဥပဒေများ၏ အကြောင်းအချက်များကို ပိုမိုသိရှိရန် *အပိုင်း 3 ဩစတြေးလျားနိုင်ငံရှိ အစိုးရနှင့် တရားဥပဒေ* ၌ တွေ့ရှိနိုင်သည်။

## ပြည်ထောင်စုနှင့် ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲတစ်ခုခု၌ မဲထည့်ခြင်း

မဲထည့်ခြင်းသည် အသက် 18 နှစ်နှင့်အထက် ဩစတြေးလျားနိုင်ငံသားများအားလုံးအတွက် အရေးကြီးသော တာဝန်ဝတ္တရား၊ အခွင့်အရေးနှင့် အခွင့်ထူးတစ်ခုဖြစ်သည်။

ပြည်ထောင်စုနှင့် ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများနှင့် ဩစတြေးလျား ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် ဆန္ဒမဲပေးရမည့် ဆန္ဒခံယူပွဲတစ်ခုခု၌ မဲပေးရမည်မှာ အသက် 18 နှစ်နှင့်အထက် ဩစတြေးလျားနိုင်ငံသားများ၏ တာဝန်ဖြစ်သည်။ ဤသို့လုပ်ကိုင်ခြင်းအားဖြင့် ဩစတြေးလျားနိုင်ငံကို အုပ်ချုပ်မည့်နည်းလမ်းနှင့် နိုင်ငံ၏အနာဂတ်ကို ပံ့ပိုးရေးတို့တွင် ဩစတြေးလျနိုင်ငံသားများအားလုံး မိမိတို့၏ အယူအဆများကို တင်သွင်းပြနိုင်ကြသည်။

ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများ၌ မပျက်မကွက်မဲထည့်ရမည်။ အချို့ပြည်နယ်များ၌ မြို့နယ်အစိုးရရွေးကောက်ပွဲများတွင် မဲထည့်ခြင်းသည် မလုပ်မနေရမဟုတ်ပါ။

ဩစတြေးလျား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက *အပိုင်း 3 ဩစတြေးလျားနိုင်ငံရှိ အစိုးရနှင့် ဥပဒေ* တွင် ကြည့်ရှုနိုင်ပါသည်။

## လိုအပ်လာပါက ဩစတြေးလျားနိုင်ငံတော်ကို ခုခံကာကွယ်ခြင်း

ဩစတြေးလျားနိုင်ငံတပ်မတော်တွင် အမှုထမ်းခြင်းသည် မိမိ၏ ဆန္ဒသက်သက်အရဖြစ်သော်လည်း လိုအပ်မှုပေါ် ပေါက်လာပါက ဩစတြေးလျားနိုင်ငံတော်ကို ကာကွယ်ရန်မှာ ဩစတြေးလျားနိုင်ငံသားများ၏ တာဝန်ဝတ္တရားတစ်ခုဖြစ်သည်။ လိုအပ်ပါက နိုင်ငံတော်နှင့် လူနေမှုစနစ်တို့ကို ပူးပေါင်းကာကွယ်ကြရေးအတွက် တာဝန်သိကြရန် အလွန်အရေးကြီးသည်။

## ဆင့်ခေါ် ခံရပါက တရားရုံး၌ ခုံသမာဓိအဖွဲ့ဝင် (ဂျူရီ) တာဝန်ထမ်းဆောင်ခြင်း

ခုံသမာဓိအဖွဲ့ဝင် (ဂျူရီ) တာဝန်ထမ်းဆောင်ခြင်းသည် အသက် 18 နှစ် သို့မဟုတ် ၎င်း၏အထက်ရှိကြသော ဩစတြေးလျားနိုင်ငံသားများအတွက် တာဝန်တရပ်ဖြစ်သည်။ ဂျူရီဆိုသည်မှာ သာမန်ဩစတြေးလျားအမျိုးသားများနှင့် အမျိုးသမီးများတို့၏ အဖွဲ့တစ်ခုဖြစ်ပြီး ထိုအဖွဲ့သည် တရားရုံးအမှုတစ်မှု၌ အထောက်အထားများကို နားထောင်ကြပြီး လူတစ်ဦး၏ အပြစ်ရှိခြင်း၊ မရှိခြင်းကို ဆုံးဖြတ်ကြရသည်။

ရွေးကောက်ပွဲစာရင်းဝင် မည်သည့်ဩစတြေးလျားနိုင်ငံသားမဆို ဂျူရီတာဝန်ထမ်းဆောင်ရန် ဆင့်ခေါ် ခံရနိုင်သည်။ ဂျူရီတာဝန်ထမ်းဆောင်ခြင်းသည် တရားရုံးစနစ်၏ ပွင့်လင်းမှုနှင့် တရားမျှတမှုတို့ သေချာစေရေးကို ထောက်ကူသည်။

## အခွင့်ထူးများ

### ဩစတြေးလျားပြည်သူ့ဝန်ထမ်းလုပ်ငန်း သို့မဟုတ် ဩစတြေးလျား နိုင်ငံတပ်မတော်၌ အလုပ်လျှောက်ထားခြင်း

ဩစတြေးလျားနိုင်ငံသားတစ်ဦး၏ အခွင့်ထူးမှာ ဩစတြေးလျားနိုင်ငံ ပြည်သူ့ဝန်ထမ်းလုပ်ငန်းသို့ ဝင်ရောက်ရန် လျှောက်ထားနိုင်ခြင်းဖြစ်သည်၊ ဥပမာ ဩစတြေးလျားဝန်ဆောင်မှု သို့မဟုတ် ဩစတြေးလျားနိုင်ငံတော်အခွန်ရုံး (Australian Taxation Office (ATO)) တို့ဖြစ်သည်။

ဩစတြေးလျားနိုင်ငံသားများသည် ဩစတြေးလျားနိုင်ငံတပ်မတော် (ကြည်းတပ်၊ ရေတပ်နှင့် လေတပ်) တို့၌ လျှောက်ထားရန်လည်း အခွင့်အရေးရှိကြသည်။

### လွှတ်တော် (ပါလီမန်) ၌ အရွေးခံရရန် ကြိုးပမ်းခြင်း

အသက် 18 နှစ် သို့မဟုတ် ၎င်း၏အထက်ရှိပြီး နှစ်နိုင်ငံသား မဟုတ်သော ဩစတြေးလျားနိုင်ငံသားများသည် လွှတ်တော်၏ ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသအဆင့်များ၌ ရွေးချယ်ခံကြရရန် ကြိုးပမ်းနိုင်သည်။ ဩစတြေးလျားနိုင်ငံတော် လွှတ်တော်၌ အမှုထမ်းခြင်းသည် ဂုဏ်သရေတစ်ရပ်ဖြစ်သည့်အပြင်လေးနက်သော တာဝန်တစ်ရပ်လည်းဖြစ်သည်။

### ဩစတြေးလျားနိုင်ငံကူးလက်လျှောက်ထားပြီး ဩစတြေးလျားနိုင်ငံတွင်းသို့ လွတ်လပ်စွာပြန်လည်ဝင်ရောက်ခြင်း

သင်သည် ဩစတြေးလျားနိုင်ငံသားဖြစ်လာသည့်အခါ သင့်တွင် ဩစတြေးလျားနိုင်ငံ၌ လွတ်လပ်စွာနေထိုင်ခွင့်ရှိသည်။ သင့်၌ ဩစတြေးလျားနိုင်ငံကူးလက်မှတ်ကိုလည်း လျှောက်ပိုင်ခွင့်ရှိသည်။ ဩစတြေးလျားနိုင်ငံသားတစ်ဦးအဖြစ် သင်သည် နိုင်ငံရပ်ခြားသို့ ခရီးထွက်ပါက သင်သည် ဩစတြေးလျားနိုင်ငံသို့ ပြန်လာရန် ပြည်ဝင်ခွင့် (ဗီဇာ) မလိုအပ်ပါ။

### ပင်လယ်ရပ်ခြား၌ရှိစဉ် ဩစတြေးလျားနိုင်ငံ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အကူအညီရယူခြင်း

ကမ္ဘာ့နိုင်ငံအမြောက်အမြား၌ ဩစတြေးလျားနိုင်ငံတော်၏ သံရုံး၊ မဟာမင်းကြီးရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးများ ရှိကြသည်။ သင် နိုင်ငံရပ်ခြား၌ ရှိနေစဉ် သင့်တွင်လိုအပ်မှုများ ရှိသောအခါများ၌ သက်ဆိုင်ရာ ဩစတြေးလျားအစိုးရ အရာရှိတစ်ဦးဦးထံမှ အကူအညီတောင်းခံနိုင်သည်။ ၎င်းတွင် ပြည်တွင်းဆူပူမှုနှင့် သဘာဝဘေးဒုက္ခကဲ့သို့သော အရေးပေါ် အခြေအနေများ ပါဝင်သည်။

ဩစတြေးလျားအရာရှိများသည် အရေးပေါ် နိုင်ငံကူးလက်မှတ်များကိုလည်း ထုတ်ပေးနိုင်ပြီး ထိခိုက်ဒဏ်ရာရခြင်း၊ ပြင်းထန်စွာ နာမကျန်းဖြစ်ခြင်း၊ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်ပေါ် ရာ၌ အကြံဉာဏ်များနှင့်အထောက်အပံ့များကို ပေးနိုင်သည်။

အခြားနိုင်ငံတစ်ခု၌ရှိနေစဉ် ထိုနိုင်ငံ၏ ဥပဒေများကို သင်က လိုက်နာရမည်။

### ပင်လယ်ရပ်ခြား၌ရှိစဉ် မွေးဖွားသောကလေးများကို မျိုးနွယ်သက်ဆင်းမှုအရ ဩစတြေးလျားနိုင်ငံသားများအဖြစ် မှတ်ပုံတင်ခြင်း

ဩစတြေးလျားနိုင်ငံသားများအားလုံး နိုင်ငံရပ်ခြား၌ မွေးဖွားသော မိမိတို့၏ရင်သွေးများကို ဩစတြေးလျားနိုင်ငံသားများဖြစ်လာရန် လျှောက်ထားနိုင်သည်။

# ဩစတြေးလျားနိုင်ငံ လူမှုအဖွဲ့အစည်း၌ ပါဝင်ခြင်း

ဩစတြေးလျားနိုင်ငံသည် နိုင်ငံသားအားလုံးကို လူမှုအဖွဲ့အစည်း၌ ပါဝင်လှုပ်ရှားကြရန် အားပေးသည်။ တက်ကြွသော နိုင်ငံသားများသည် ဩစတြေးလျားနိုင်ငံ၏ အနာဂတ်ကို ပုံဖော်ရာတွင် တာဝန်ရှိသကဲ့သို့ အခွင့်ထူးများလည်းရှိသည်။ ဥပမာ - သင်သည် ရပ်ကွက်လူထုအဖွဲ့ အစည်းများနှင့် ဒေသခံလူထုအဖွဲ့ အစည်းများ၌ အဖွဲ့ဝင်နိုင်ခြင်း၊ လူမှုရေးရာနှင့် လူမှုအဖွဲ့အစည်းရေးရာ လုပ်ငန်းများကို စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခြင်း၊ အနုပညာ သို့မဟုတ် ယဉ်ကျေးမှု အဖွဲ့အစည်းတစ်ခုခု၌ အဖွဲ့ဝင်ခြင်း၊ နိုင်ငံရေးလောက၌ တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်ခြင်း။

အခွန်ဆောင်ခြင်းသည် သင်က ဩစတြေးလျားလူမှုအဖွဲ့ အစည်းအား တိုက်ရိုက်ပံ့ပိုးသည့် အရေးကြီးသော အခြားနည်းလမ်းတစ်ခုဖြစ်ပြီး ဥပဒေအရလိုအပ်ပါသည်။ အလုပ်အကိုင်တစ်ခုခုမှဖြစ်စေ၊ စီးပွားရေးလုပ်ငန်း တစ်ခုခုမှဖြစ်စေ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများမှဖြစ်စေ ရရှိသော ဝင်ငွေထဲမှ အခွန်ပေးဆောင်ရပြီး ATO မှ ကောက်ခံသည်။ အခြားကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများစွာအပေါ် တွင်လည်း အခွန်များရှိပါသည်။ ATO က နိုင်ငံသားများအားလုံးသည် ၎င်းတို့၏ အခွန်ပိုင်းဆိုင်ရာ အခွင့်အရေးများနှင့် မှန်ကန်သော အခွန်ပမာဏကို ဆောင်ကြရသည့် တာဝန်ဝတ္တရားများအား သိနားလည်ကြရေးတို့ကို သေချာမှုရှိစေရန် ဆောင်ရွက်ပေးသည်။

ဩစတြေးလျားပြည်သူလူထုက စံစားကြရသော အကျိုးကျေးဇူးမြောက်မြားစွာသည် အခွန်များမှတစ်ဆင့် ရရှိနိုင်ခြင်းဖြစ်သည်။ အခွန်များကို အစိုးရမှပံ့ပိုးသည့် ကျန်းမာရေး၊ ပညာရေး၊ ကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် မီးရထား၊ လူမှုဖူလုံရေးအပါအဝင် ဝန်ဆောင်မှုများအတွက် အသုံးပြုသည်။

အလုပ်လုပ်ကိုင်ပြီး အခွန်ဆောင်ခြင်းအားဖြင့် ဩစတြေးလျားလူထုအတွက် ဤအရေးကြီးသော လုပ်ငန်းများကို ဝန်ဆောင်ပေးနေသည့် အစိုးရအား သင်က ပံ့ပိုးပေးနိုင်သည်။ ပြည်နယ်နှင့် ဒေသအစိုးရများ၊ မြို့နယ်ကောင်စီများသည်လည်း ဝန်ဆောင်မှုလုပ်ငန်းစရိတ်များအတွက် အခွန်ကောက်ကြသည်။ ဤလုပ်ငန်းများသည် ဩစတြေးလျားနိုင်ငံအား ယနေ့တွင် ငြိမ်းချမ်း၍ ကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်နေစေရာ၌ ထောက်ကူသည်။



# အပိုင်း သုံး

# ဩစတြေးလျားနိုင်ငံတော်ရှိ အစိုးရနှင့် တရားဥပဒေ

# ဩစတြေးလျားနိုင်ငံတော်ရှိ အစိုးရနှင့် တရားဥပဒေ

နိုင်ငံသားအဖြစ်ခံယူပွဲအခမ်းအနားတွင် သင်သည် ဩစတြေးလျားနိုင်ငံ၏ ဥပဒေများကို ထိန်းသိမ်း၍ လိုက်နာပါမည်အကြောင်းတို့ကို ကတိသစ္စာပြုခဲ့သည်။ ဩစတြေးလျားနိုင်ငံတော်၏ အစိုးရအုပ်ချုပ်မှုစနစ်သည် ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။ သင်သည် အစိုးရစနစ်၊ ကျွန်ုပ်တို့၏ ပါလီမန်ဒီမိုကရေစီစနစ်၌ တရားဥပဒေများကို မည်သို့ပြဋ္ဌာန်းသည်နှင့် ဤတရားဥပဒေများကို မည်သို့ကျင့်သုံးသည်များကို သိနားလည်ရန် အရေးကြီးသည်။ သင်သည် နိုင်ငံသားတစ်ဦးအနေဖြင့် တိုင်းပြည်၏ အုပ်ချုပ်ရေး၌ သင်၏ အဆိုပြုချက်ကို မည်သို့တင်ပြနိုင်မည်ကို သိနားလည်ရန် အရေးကြီးသည်။

## ကျွန်ုပ်၏ အဆိုပြုချက်ကို မည်သို့တင်ပြနိုင်မည်နည်း။

### မဲဆန္ဒထည့်ခြင်း

အပိုင်း 2 တွင် ဖော်ပြထားသည့်အတိုင်း ဩစတြေးလျားနိုင်ငံ၌ အသက် 18 နှစ် သို့မဟုတ် ၎င်း၏အထက်ရှိသည့် နိုင်ငံသားများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပြောင်းလဲခြင်းနှင့်ပတ်သက်၍ နိုင်ငံတော် (ဖက်ဒရယ်)၊ ပြည်နယ်နှင့် ဒေသရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် မဲပေးကြရန် စာရင်းသွင်းကြရမည်။

ဩစတြေးလျားပါလီမန်ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် လွှတ်တော်၌ သင့်အား မည်သူက ကိုယ်စားပြုရမည်ကို မဲထည့်ခြင်းအားဖြင့် ဩစတြေးလျားနိုင်ငံကို အုပ်ချုပ်ပုံနှင့်ပတ်သက်၍ သင်၏အဆိုပြုချက်ကို တင်ပြရပါမည်။ သင်သည် မှန်ကန်စွာ စာရင်းမသွင်းထားပါက ရွေးကောက်ပွဲတစ်ခု၌ သင်သည် မဲပေးနိုင်မည်မဟုတ်ချေ။

ဩစတြေးလျားနိုင်ငံရွေးကောက်ပွဲများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးအတွက် ဆန္ဒခံယူပွဲများ ရှိပါက မဖြစ်မနေ မဲပေးရန်လိုအပ်သည်။

ဩစတြေးလျားနိုင်ငံတော်ရွေးကောက်ပွဲ ကော်မရှင် (Australian Electoral Commission (AEC)) သည် ဓနသဟာယ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံတော်ဆိုင်ရာ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများကို ကျင်းပပေးပြီး ဓနသဟာယရွေးကောက်ပွဲကို ထိန်းသိမ်းရမည်။ AEC သည် အစိုးရနှင့်မဆိုင် သီးခြားလွတ်လပ်မှုရှိသည်။ နိုင်ငံရေးအဖွဲ့အစည်းများ သို့မဟုတ် အစိုးရအဖွဲ့အတွင်းကလူများတို့က AEC ဆုံးဖြတ်ချက်များအပေါ် ဩဇာမလွှမ်းနိုင်ပါ။

ဩစတြေးလျားနိုင်ငံတွင် မဲထည့်ရာ၌ လျှို့ဝှက်စနစ်ဖြစ်သဖြင့် မည်သည့်ကိုယ်စားလှယ်လောင်းအတွက်မဆို မဲထည့်ရန် သင့်၌ လွတ်လပ်မှုနှင့် လုံခြုံမှုရှိသည်။ သင်သည် မည်သူ့အတွက် မဲထည့်သည်ကို အခြားသူများအား ပြောပြရန်မရွေးချယ်ပါက မည်သူကမျှ သင့်အား အတင်းအကြပ်မပြောခိုင်းနိုင်ပါ။ သင်သည်ရွေးကောက်ပွဲတစ်ခုတွင် မဲမပေးဘဲနေပြီး မဲမပေးရခြင်းအတွက် လက်ခံနိုင်သော အကြောင်းပြချက်တစ်ခုမရှိပါက သင် ဒဏ်ငွေတပ်ခံရနိုင်သည်။ မဖြစ်မနေမဲပေးရခြင်းသည် မည်သူများမှ အုပ်ချုပ်မည်နှင့် လွှတ်တော်အတွင်း ၎င်းတို့ကို ကိုယ်စားပြုမည့်လူများနှင့်ပတ်သက်၍ အဆိုပြုချက်တင်ပြနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည်။

### အကြောင်းကိစ္စများကို သင်၏ကိုယ်စားလှယ်အား တင်ပြခြင်း

ဩစတြေးလျားနိုင်ငံသားများသည် အစိုးရမူဝါဒများနှင့်ပတ်သက်သည့် မိမိတို့၏ အကြောင်းကိစ္စများကို တင်ပြရန် မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်အား ဆက်သွယ်နိုင်သည်။ ဤနည်းအားဖြင့် ဩစတြေးလျားနိုင်ငံသားများအားလုံးသည် အစိုးရ၏ တရားဥပဒေများနှင့် မူဝါဒများကို ပုံဖော်ရာ၌ ၎င်းတို့၏ သဘောထားအမြင်များကို အဆိုတင်သွင်းနိုင်ကြသည်။ နိုင်ငံသားတစ်ဦးသည် သူ သို့မဟုတ် သူမတို့ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်တစ်ဦးအား ဥပဒေတစ်ခု ပြောင်းလဲရန်လိုအပ်ကြောင်းပြောလျှင် ရွေးကောက်ခံကိုယ်စားလှယ်သည် အကြံပြုချက်ကို စဉ်းစားသင့်သည်။

# ကျွန်ုပ်တို့၏ အစိုးရစနစ်ကို မည်သို့ထူထောင်ခဲ့သနည်း။

## ပြည်ထောင်စု

ဗြိတိသျှအခြေချမှုနောက်ပိုင်းနှင့် 1901 ခုနှစ်မတိုင်မီ ဩစတြေးလျားနိုင်ငံ၌ ကိုယ်ပိုင်အုပ်ချုပ်ကြသော ဗြိတိသျှလက်အောက်ခံဒေသ (ကိုလိုနီ) ခြောက်ခု သီးသန့်ရှိခဲ့သည်။

လက်အောက်ခံဒေသတစ်ခုစီ၌ ၎င်းတို့၏ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကာကွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ စာပို့ခ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ၎င်းတို့၏ ကိုယ်ပိုင် တရားဥပဒေများ ရှိခဲ့သည်။ သို့သော်လည်း ယင်းသည် ကိုလိုနီများကြား အခက်အခဲများ ဖြစ်စေခဲ့သည်။ ဥပမာ - ကိုလိုနီတို့၏အကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့မှာ တန်ဖိုးကြီးမားပြီး နှေးကွေးခဲ့သည်။ နယ်နိမိတ်များကျော်ပြီး တရားဥပဒေစိုးမိုးမှု ခက်ခဲခဲ့သည်။ သီးခြားကိုလိုနီတို့၌ ကာကွယ်ရေးအင်အားသည်လည်း ချိနဲ့ခဲ့သည်။

အကျိုးဆက်အနေဖြင့် လူများက ကိုလိုနီများကို ပေါင်းစည်းစေလိုကြပြီး ဩစတြေးလျားနိုင်ငံတစ်ခုတည်းအဖြစ် ဖွဲ့စည်းလိုကြသည်။ ပိုမို၍အရေးကြီးသောအချက်မှာ ဩစတြေးလျား၏ နိုင်ငံတော်အမျိုးသား လက္ခဏာသည် စတင်ပုံပေါ် နေပြီဖြစ်သည်။ အားကစားအသင်းများက နိုင်ငံတကာ၌ ဩစတြေးလျားကို ကိုယ်စားပြုနေကြပြီး ခေတ်စားသော တေးသီချင်းများ၊ ကဗျာများ၊ ဝတ္ထုနှင့် အနုပညာတို့၌ တစ်မူထူးခြားသော ဩစတြေးလျား ယဉ်ကျေးမှု ဖွံ့ဖြိုးနေပြီဖြစ်သည်။

နိုင်ငံကို စုစည်းတည်ထောင်ရာတွင် အခက်အခဲကြုံရသော်လည်း အချိန်ကာလတစ်ခု ကျော်လာသည်နှင့်အမျှ ဩစတြေးလျားနိုင်ငံ တစ်စုတည်းဖြစ်လာရေး အကြံအစည်သည် လက်တွေ့အကောင်အထည်ပေါ် လာခဲ့သည်။ 1901 ခုနှစ် ဇန်နဝါရီလ 1 ရက်နေ့၌ ကိုလိုနီများသည် ဩစတြေးလျားဓနသဟာယနိုင်ငံတော် (Commonwealth of Australia) ဟုခေါ် တွင်ခဲ့သော ပြည်နယ်တို့၏ ပြည်ထောင်စုအဖြစ် ပေါင်းစည်းခဲ့ကြသည်။


## ဩစတြေးလျားနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

1900 ပြည့်နှစ် ဓနသဟာယဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ *(Commonwealth of Australia Constitution Act 1900)* သည် ဩစတြေးလျားနိုင်ငံတော် အစိုးရအတွက် အခြေခံစည်းမျဉ်းများကို သတ်မှတ်ထားသော တရားဝင်စာရွက်စာတမ်းဖြစ်သည်။ 1900 ပြည့်နှစ်၌ ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မူလက ဗြိတိသျှလွှတ်တော် ဥပဒေ (British Act of Parliament) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြဋ္ဌာန်းခဲ့သည်။ 1901 ခုနှစ်၌ ဇန်နဝါရီ 1 ရက်နေ့တွင် ဩစတြေးလျား အခြေခံ ဥပဒေစတင်အတည်ဖြစ်လာပြီး ဩစတြေးလျားကိုလိုနီများသည် ဩစတြေးလျားဓနသဟာယ (Commonwealth of Australia) မည်သော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

အောက်လွှတ်တော်တစ်ရပ် (House of Representatives) နှင့် အထက်လွှတ်တော်တစ်ရပ် (Senate) တို့ဖြင့် ဖွဲ့စည်းထားသော ဓနသဟာယ ဩစတြေးလျားနိုင်ငံလွှတ်တော် (Parliament of the Commonwealth of Australia) ကို ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဩစတြေးလျား နိုင်ငံတော်၏ တရားဥပဒေများကို ကျင့်သုံးရန် အဓိပ္ပါယ်ဖွင့်ရန် အာဏာရှိသည့် ဩစတြေးလျား ဗဟိုတရားရုံး (High Court) ကိုလည်း တည်ထောင်ခဲ့သည်။

ဩစတြေးလျားပြည်သူများသည် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲထည့်ခြင်းဖြင့် ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲနိုင်သည်၊ ဥပမာ 1967 ခုနှစ် ဆန္ဒခံယူပွဲတွင် ဩစတြေးလျားနိုင်ငံသား 90 ရာခိုင်နှုန်းကျော်က အက်ဘောရစ်ဂျင်နယ် လူမျိုးများအား သန်းခေါင်စာရင်းတွင် ထည့်သွင်းရေတွက်ရန် ဆန္ဒပြုခဲ့ကြသည်။

ဆန္ဒခံယူပွဲတစ်ခုတွင် ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် 'အများစုနှစ်ဆ' လိုအပ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်နယ်အများစု၌ရှိသော မဲဆန္ဒရှင်များတို့၏ အများစုရှိရမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၌ ဆန္ဒမဲထည့်ကြသူ အများစုတို့က မဲထည့်ကြရမည်ဖြစ်သည်။


Commonwealth of Australia Constitution Act.

AN ACT

TO

Constitute the Commonwealth of Australia.

Cap 12

[9th July 1900]

ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ

# အစိုးရ၏ အမိန့်အာဏာကို မည်သို့ထိန်းချုပ်မည်နည်း။

ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူတစ်ဦး သို့မဟုတ် လူအဖွဲ့တစ်စုက အာဏာအလုံးစုံကို သိမ်းပိုက်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဥပဒေပြုရေးအာဏာ (ပါလီမန်)၊ အုပ်ချုပ်ရေးအာဏာ (ဥပမာ ဘုရင်ခံချုပ်) နှင့် တရားစီရင်ရေးအာဏာ (တရားသူကြီးများ) ကြား ခွဲဝေထားသည်။

## ဥပဒေပြုမှုအာဏာ

ဥပဒေပြုမှုအာဏာသည် ဥပဒေများကို ရေးဆွဲပြဌာန်းရန် လွှတ်တော်၌ အာဏာရှိသည်။ လွှတ်တော်သည် ဩစတြေးလျားနိုင်ငံရှိ ဥပဒေများ ရေးဆွဲပြဌာန်းရန်နှင့်ပြောင်းလဲရန် အာဏာရှိသည်။ လွှတ်တော်အား ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားပြီး ၎င်းတို့ကို ဩစတြေးလျားပြည်သူလူထုက ရွေးကောက်တင်မြှောက်ကြသည်။

## အုပ်ချုပ်မှုအာဏာ

အုပ်ချုပ်မှုအာဏာသည် တရားဥပဒေများကို အကောင်အထည်ဖော်သည့် အခွင့်အာဏာဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့စု၌ ဝန်ကြီးချုပ်၊ ဩစတြေးလျားနိုင်ငံတော် ဝန်ကြီးများနှင့် ဘုရင်ခံချုပ်တို့ ပါဝင်ကြသည်။ ဝန်ကြီးများသည် အစိုးရဌာနများအတွက် တာဝန်ရှိကြသည်။

## တရားစီရင်ရေးအာဏာ

တရားသူကြီးများထံ၌ တရားဥပဒေကို ကျင့်သုံးရန်နှင့် အဓိပ္ပါယ်ဖွင့်ရန် အခွင့်အာဏာရှိသည်။ တရားရုံးများနှင့် တရားသူကြီးများသည် လွှတ်တော်နှင့် အစိုးရတို့နှင့်မဆိုင်ဘဲ သီးခြားလွတ်လပ်မှုရှိသည်။

ဤအခွင့်အာဏာများကို ဩစတြေးလျားဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းရေးသားထားသည်။

# ဩစတြေးလျားနိုင်ငံတော်၏ အဓိပတိမှာ မည်သူနည်း။

ဩစတြေးလျားနိုင်ငံတော်၏ အဓိပတိသည် ဩစတြေးလျားနိုင်ငံတော်၏ ဘုရင်မ (Queen of Australia) ဘုရင်မကြီး ဒုတိယမြောက် အလိဇဘက်သ် (Her Majesty Queen Elizabeth II) ဖြစ်သည်။

ဩစတြေးလျားနိုင်ငံ၏ ဘုရင်မသည် ဩစတြေးလျားနိုင်ငံတော် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ဘုရင်ခံချုပ်အား သူမ၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်သည်။ ဘုရင်ခံချုပ်သည် နိုင်ငံရေးအဖွဲ့အစည်း အားလုံးတို့၏ ဩဇာလွှမ်းမိုးမှုနှင့်မဆိုင် သီးခြားလွတ်လပ်မှုရှိသည်။ ဘုရင်မသည် အစိုးရ၏ နိစ္စဒူဝ လုပ်ငန်းစဉ်၌ ပါဝင်ခြင်းမရှိပါ။

ပြည်နယ်တစ်ခုစီ၌ ဘုရင်မအား ကိုယ်စားပြုသော ဘုရင်ခံ (Governor) တစ်ဦးစီရှိပြီး ဘုရင်ခံ၏ကဏ္ဍမှာ ဘုရင်ခံချုပ်၏ကဏ္ဍနှင့် အလားတူဖြစ်သည်။

## စည်းမျဉ်းခံဘုရင်စနစ်

ဩစတြေးလျားနိုင်ငံတော်သည် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရင်မသည် ဩစတြေးလျားနိုင်ငံ၏ အဓိပတိဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ရသည်။ ဘုရင်မသည် ဩစတြေးလျားနိုင်ငံတွင် မနေထိုင်ခြင်းမရှိခြင်းကြောင့် သူမ၏ လုပ်ပိုင်ခွင့်အာဏာကို ဩစတြေးလျားနိုင်ငံရှိ ဘုရင်ခံချုပ်ထံ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။

ဩစတြေးလျားနိုင်ငံတော်၏ ပါလီမန်ဒီမိုကရေစီစနစ်သည် ယင်းသို့ပေါင်းစည်းခြင်းဖြင့် တမူထူးခြားသော ဩစတြေးလျားနိုင်ငံစနစ်ဖြစ်လာစေမည့် ဗြိတိသျှနှင့် မြောက်အမေရိက ထုံးတမ်းစဉ်လာများအပေါ် ရောင်ပြန်ဟပ်နေပါသည်။ ဩစတြေးလျားနိုင်ငံ၏ စနစ်တွင် နိုင်ငံတော်အစိုးရ၏ ခေါင်းဆောင်မှာ ဝန်ကြီးချုပ်ဖြစ်သည်။



ဘုရင်မကြီး ဒုတိယမြောက် အလိဇဘက်သ်

## ဘုရင်ခံချုပ်၏ ကဏ္ဍ

ဘုရင်ခံချုပ်သည် အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ဘဲ ကြားနေရမည်ဖြစ်သည်။

ဘုရင်ခံချုပ်၏ တာဝန်များမှာ -

- သြစတြေးလျားနိုင်ငံလွှတ်တော်က အတည်ပြုပေးသည့် ဥပဒေမူကြမ်းများ (Bills) အား ဥပဒေဖြစ်လာရန် လက်မှတ်ရေးထိုးသည်၊ (၎င်းကို တော်ဝင်သဘောတူညီချက် (Royal Assent) ဟု ခေါ်သည်)
- အခမ်းအနားတာဝန်များကို ထမ်းဆောင်သည်
- သြစတြေးလျားအစိုးရနှင့် ၎င်း၏ ဝန်ကြီးများ၊ နိုင်ငံတော် တရားသူကြီးများနှင့် အခြားအရာရှိများတို့၏ ခန့်အပ်ခံရခြင်းများကို လက်ခံအတည်ပြုသည်
- ပြည်ထောင်စုရွေးကောက်ပွဲတစ်ခုအတွက် လုပ်ငန်းစဉ်ကို စတင်သည်
- သြစတြေးလျားနိုင်ငံ တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ထမ်းဆောင်သည်။

ဘုရင်ခံချုပ်တွင် သီးသန့်အခြေအနေများ၌သာ အသုံးပြုရန် 'သီးသန့်အာဏာများ' (reserve powers) ဟု ခေါ်သော အထူးအာဏာများလည်း ရှိသေးသည်။

# သြစတြေးလျားနိုင်ငံတော်၏ အချို့သော ခေါင်းဆောင်များကား မည်သူတို့နည်း။

### နိုင်ငံတော်အဓိပတိ
သြစတြေးလျားနိုင်ငံတော်၏ ဘုရင်မ

### ဘုရင်ခံချုပ်
အဓိပတိ၏ သြစတြေးလျားနိုင်ငံတော်ရှိ ကိုယ်စားလှယ်

### ဘုရင်ခံ
သြစတြေးလျား ပြည်နယ်တစ်ခုစီ၌ရှိသော အဓိပတိ၏ ကိုယ်စားလှယ်

### ဝန်ကြီးချုပ်
သြစတြေးလျနိုင်ငံတော်အစိုးရ၏ ခေါင်းဆောင်

### ဝန်ကြီးချုပ်
ပြည်နယ်အစိုးရတစ်ခု၏ ခေါင်းဆောင်

### ဝန်ကြီးချုပ်
ဒေသအစိုးရတစ်ခု၏ ခေါင်းဆောင်

### အစိုးရအဖွဲ့ဝန်ကြီး
အစိုးရအဖွဲ့၏ အစိတ်အပိုင်းတစ်ခုအား တာဝန်ယူရန်အတွက် အစိုးရအဖွဲ့တစ်ခု၏ ခေါင်းဆောင်က ရွေးချယ်သော လွှတ်တော်အမတ်တစ်ဦး

### လွှတ်တော်အမတ် (MP)
သြစတြေးလျားနိုင်ငံလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၌ရှိသည့် သြစတြေးလျားပြည်သူလူထု၏ ရွေးကောက်ခံကိုယ်စားလှယ်

### အထက်လွှတ်တော်အမတ်
သြစတြေးလျားနိုင်ငံတော်လွှတ်တော်၌ရှိသော ပြည်နယ်တစ်ခု သို့မဟုတ် ဒေသတစ်ခု၏ ရွေးကောက်ခံ ကိုယ်စားလှယ်

### မြို့တော်ဝန် သို့မဟုတ် မြို့နယ်ဥက္ကဋ္ဌ
မြို့နယ်အစိုးရတစ်ခု၏ ခေါင်းဆောင်

### ကောင်စီဝင်
မြို့နယ်ကောင်စီတစ်ခု၏ ရွေးကောက်ခံအဖွဲ့ဝင်တစ်ဦး

# သြစတြေးလျားနိုင်ငံတော်ကို မည်သို့အုပ်ချုပ်သနည်း။

## သြစတြေးလျားနိုင်ငံတော် အစိုးရ

သြစတြေးလျားနိုင်ငံတော် အစိုးရကို ပြည်ထောင်စု (Federal) အစိုးရ သို့မဟုတ် ဓနသဟာယ (Commonwealth) အစိုးရဟုလည်း ခေါ်သည်။ အစိုးရကို လွှတ်တော်နှစ်ရပ်ရှိသော သြစတြေးလျားပါလီမန် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည် -

- အောက်လွှတ်တော်
- အထက်လွှတ်တော်။

နိုင်ငံတော်ရွေးကောက်ပွဲတစ်ခု၌ သြစတြေးလျားပြည်သူလူထုက လွှတ်တော်တစ်ခုစီ၏ ကိုယ်စားလှယ်များကို ရွေးချယ်ရန် ဆန္ဒမဲပေးကြသည်။

## အောက်လွှတ်တော် (House of Representatives)

အောက်လွှတ်တော်သည် ဩစတြေးလျား လွှတ်တော်အတွင်းရှိ လွှတ်တော်များအနက်မှ တစ်ခုဖြစ်သည်။ အောက်လွှတ်တော်၏ အခြားအမည်များမှာ Lower House သို့မဟုတ် People's House ဟုလည်း ခေါ်ကြသည်။

ဩစတြေးလျားနိုင်ငံကို ပြည်ထောင်စု၏ မဲဆန္ဒနယ်များအဖြစ် ပိုင်းခြားထားသည်။ လွှတ်တော်အမတ်များ (Members of Parliament (MPs)) သည် ၎င်းတို့၏ မဲဆန္ဒနယ်ရှိ လူများကို ကိုယ်စားပြုသည်။

ပြည်နယ်နှင့် ဒေသတစ်ခုစီတို့၏ လွှတ်တော်အမတ် အရေအတွက်ကို ၎င်းပြည်နယ်နှင့် ဒေသတို့၏ လူဦးရေ အရေအတွက်ပေါ် အခြေခံသည်။ ခြုံပြောရလျှင်အောက်လွှတ်တော်တွင် အမတ်စုစုပေါင်း 150 ကျော် ရှိပါသည်။

ပါလီမန်အမတ်များနှင့် အထက်လွှတ်တော်အမတ်များသည် ဩစတြေးလျားပါလီမန်အတွင်း ဥပဒေသစ်များအတွက် အဆိုပြုချက်များကို အခြေအတင်ဆွေးနွေးကြသည်။ အောက်လွှတ်တော်၏ တာဝန်မှာ ဥပဒေသစ်များကို ပြဋ္ဌာန်းခြင်း သို့မဟုတ် တည်ဆဲဥပဒေများကို မွမ်းမံပြင်ဆင်ခြင်းတို့အား စဉ်းစားသုံးသပ်ခြင်း၊ဝေဖန်ဆွေးနွေး၍ မဲခွဲရွေးချယ်ခြင်းနှင့် နိုင်ငံတော်အတွက် အရေးကြီးသော ကိစ္စရပ်များကိုလည်း ဆွေးနွေးခြင်းတို့ဖြစ်သည်။



အောက်လွှတ်တော်

## အထက်လွှတ်တော် (Senate)

အထက်လွှတ်တော်သည် ဩစတြေးလျားပါလီမန်ရှိ အခြားလွှတ်တော်တစ်ခုဖြစ်သည်။ အထက်လွှတ်တော်ကို တစ်ခါတစ်ရံ Upper House သို့မဟုတ် House of Review သို့မဟုတ် States' House ဟု ခေါ်ကြသည်။ ပြည်နယ်တစ်ခုစီမှ မဲဆန္ဒရှင်များသည် အထက်လွှတ်တော်တွင် ၎င်းတို့အား ကိုယ်စားပြုပေးမည့် အထက်လွှတ်တော်အမတ်များကိုလည်း ရွေးချယ်ကြသည်။ အထက်လွှတ်တော်တွင် ပြည်နယ်များ၏ လူဦးရေအရွယ်အစားကို ပဓာနမထားဘဲ ပြည်နယ်များအား ညီမျှစွာ ကိုယ်စားပြုထားသည်။ အထက်လွှတ်တော်အမတ် စုစုပေါင်း 76 ဦးရှိသည်။ ပြည်နယ်တစ်ခုစီမှ လွှတ်တော်အမတ် 12 ဦးရွေးချယ်တင်မြှောက်ပြီး ဩစတြေးလျားမြို့တော်ဒေသနှင့် မြောက်ပိုင်းဒေသတစ်ခုစီမှ လွှတ်တော်အမတ်နှစ်ဦးစီရွေးချယ်တင်မြှောက်ကြသည်။

အထက်လွှတ်တော်အမတ်များသည်လည်း ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း သို့မဟုတ် တည်ဆဲဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းများတို့အား စဉ်းစားသုံးသပ်ခြင်း၊ ဝေဖန်ဆွေးနွေး၍ မဲခွဲရွေးချယ်ခြင်းနှင့် နိုင်ငံတော်အတွက် အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေးကြသည်။



အထက်လွှတ်တော်

## ပြည်နယ်နှင့် ဒေသအစိုးရ

ဩစတြေးလျားနိုင်ငံ၌ ပြည်နယ်ခြောက်ခုနှင့် ပြည်မဒေသနှစ်ခု ရှိသည်။ ပြည်နယ်တစ်ခုစီတွင် ၎င်းတို့၏ ကိုယ်ပိုင်လွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိကြသည်။ ပြည်နယ်နှင့် ဒေသအစိုးရများကို ၎င်းတို့၏ မြို့တော်များ၌ အခြေစိုက်ထားကြသည်။ ပြည်နယ်အစိုးရတစ်ခု၏ ခေါင်းဆောင်မှာ ဝန်ကြီးချုပ် (Premier) ဖြစ်ပြီး၊ ဒေသအစိုးရတစ်ခု၏ ခေါင်းဆောင်မှာ ဝန်ကြီးချုပ် (Chief Minister) ဖြစ်သည်။

ပြည်နယ်အစိုးရများသည်လည်း ဩစတြေးလျားနိုင်ငံတော်အစိုးရကဲ့သို့ပင် အလုပ်လုပ်ကိုင်ကြသည်။ ပြည်နယ်တစ်ခုစီ၌ ဘုရင်ခံတစ်ဦးသည် ဩစတြေးလျားနိုင်ငံတော် ဘုရင်မအား ကိုယ်စားပြုသည်။ မြောက်ပိုင်းဒေသတွင် ဘုရင်ခံချုပ်က အုပ်ချုပ်ရေးမှူး (Administrator) တစ်ဦးကို ခန့်အပ်သည်။ အုပ်ချုပ်ရေးမှူးတစ်ဦး၏ ကဏ္ဍနှင့် ဝတ္တရားများသည် ပြည်နယ်ဘုရင်ခံတစ်ဦးနှင့် ဆင်တူဖြစ်သည်။

ပြည်နယ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အသိအမှတ်ပြုထားသော ရပိုင်ခွင့်များရှိပြီး ဒေသများတွင် မရှိပါ။ ပြည်နယ်များတွင် မိမိတို့ကိုယ်ပိုင် ဥပဒေများ ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေများကို ဩစတြေးလျား အစိုးရက မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင် သို့မဟုတ် ရုတ်သိမ်းနိုင်သည်။

ပြည်နယ်နှင့် ဒေသရွေးကောက်ပွဲများတွင် ဩစတြေးလျားနိုင်ငံသားများက ၎င်းတို့၏အရပ်ဒေသအတွက် ကိုယ်စားလှယ်တစ်ဦးကို မဲပေးရွေးချယ်သည်။ ဤကိုယ်စားလှယ်များသည် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ဒေသလွှတ်တော်အမတ်များ ဖြစ်လာသည်။

## မြို့နယ်အစိုးရ

ပြည်နယ်များနှင့် မြောက်ပိုင်းဒေသတို့အား မြို့နယ်အစိုးရဆိုင်ရာ နယ်မြေများအဖြစ် ပိုင်းခွဲထားသည်။ ၎င်းတို့ကို မြို့တော်များ၊ မြို့နယ်များ၊ မြို့များ သို့မဟုတ် မြူနီစပယ်အဖွဲ့များဟု ခေါ်နိုင်ကောင်းသည်။ နယ်မြေတစ်ခုစီတွင် ၎င်းတို့၏ ကိုယ်ပိုင် ရပ်ကွက်ကောင်စီများ ရှိကြသည်။ ရပ်ကွက်ကောင်စီများ၌ အရပ်ဒေသအတွင်းရှိ လူထုအတွက် ဝန်ဆောင်မှုများကို စီစဉ်ရန်နှင့် ဆောင်ရွက်ပေးရန်တို့အတွက် တာဝန်ရှိကြသည်။ မြို့နယ်အစိုးရနယ်မြေတစ်ခုစီ၌ရှိကြသော နိုင်ငံသားများသည် ၎င်းတို့၏ ရပ်ကွက်ကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ကြသည်။

# အစိုးရ၏ အာဏာပိုင်အဖွဲ့အစည်းသုံးရပ်တို့က ဘာလုပ်ကြသနည်း။

အချို့တာဝန်ဝတ္တရားများမှာ တစ်ခုနှင့်တစ်ခု ထပ်နေသည်များရှိသည့်တိုင် အစိုးရ၏ အာဏာပိုင်အဖွဲ့အစည်းသုံးရပ်ကြား အဓိကခြားနားမှုမှာ အဖွဲ့အစည်းတစ်ခုစီသည် မတူညီသော ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းဖြစ်သည်။

| ဩစတြေးလျားနိုင်ငံတော်အစိုးရ၌ တာဝန်ရှိသည်များမှာ - |
|---|
| အကောက်ခွန် |
| နိုင်ငံတော်၏ စီးပွားရေးကို စီမံအုပ်ချုပ်မှု |
| လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဖြစ်မှု |
| အလုပ်အကိုင် |
| စာပို့လုပ်ငန်းများနှင့် ဆက်သွယ်ရေးရာကွန်ရက် |
| လူမှုဖူလုံရေး (အငြိမ်းစားလစာနှင့် မိသားစုထောက်ပံ့ရေး) |
| ကာကွယ်ရေး |
| ကုန်သွယ်ရေး |
| လေဆိပ်များနှင့် လေကြောင်းလုံခြုံရေး |
| နိုင်ငံခြားရေးရာများ (အခြားနိုင်ငံများနှင့် ဆက်ဆံရေး)။ |

| ပြည်နယ်နှင့် ဒေသအစိုးရတို့၌ရှိသည့် အဓိကတာဝန်များမှာ - |
|---|
| ဆေးရုံများနှင့် ကျန်းမာရေးလုပ်ငန်းများ |
| ကျောင်းများ |
| လမ်းပန်းနှင့် မီးရထားပို့ဆောင်ရေး |
| သစ်တောရေး |
| ရဲတပ်ဖွဲ့နှင့် အရေးပေါ် ယာဉ် ဝန်ဆောင်မှုများ |
| အများပြည်သူသယ်ယူပို့ဆောင်ရေး။ |

| မြို့နယ်အစိုးရများ (နှင့် ဩစတြေးလျားမြို့တော် ဒေသအစိုးရ) တာဝန်ရှိသည်များမှာ - |
|---|
| လမ်းသင်္ကေတများ၊ ယာဉ်အသွားအလာထိန်းသိမ်းရေး |
| မြို့နယ်တွင်းလမ်းများ၊ လူသွားစင်္ကြံများ၊ တံတားများ |
| ရေနုတ်မြောင်းများ |
| ဥယျာဉ်များ၊ ကလေးကစားကွင်းများ၊ ရေကူးကန်များ၊ အားကစားကွင်းများ |
| စခန်းချကွင်းများနှင့် လူနေယာဉ်ကွင်းများ |
| အစားအစာနှင့် အသားစစ်ဆေးခြင်း |
| အသံနှင့် တိရစ္ဆာန် ထိန်းသိမ်းရေး |
| အမှိုက်သိမ်းဆည်းရေး |
| ရပ်ကွက်စာကြည့်တိုက်များ၊ ခန်းမများနှင့် လူမျိုးစုအဖွဲ့အစည်း စုဝေးရာ အဆောက်အဦများ |
| အချို့သော ကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရေးကိစ္စရပ်များ |
| အဆောက်အဦဆောက်လုပ်ရေးဆိုင်ရာ ခွင့်ပြုချက်များ |
| လူမှုရေးစီမံကိန်း |
| ရပ်ရွာမြို့နယ်တစ်ဝန်း သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စများ |

## ဩစတြေးလျားနိုင်ငံကို အုပ်ချုပ်ပုံ၌ နိုင်ငံရေးအဖွဲ့အစည်းများက မည်သည့်ကဏ္ဍက ပါဝင်ကြသနည်း။

နိုင်ငံရေးအဖွဲ့အစည်းတစ်ခုသည် နိုင်ငံတစ်ခုကို မည်သို့အုပ်ချုပ်ရမည်ဟူသော အတွေးအခေါ် ချင်း ဆင်တူရှိကြသူများ၏ အုပ်စုတစ်စုဖြစ်သည်။ ၎င်းတို့သည် အဖွဲ့အစည်း၏ သဘောတရားများကို ဥပဒေအဖြစ်သို့ ပြောင်းလဲရန် လက်တွဲလုပ်ကိုင်ကြသည်။ ဩစတြေးလျားနိုင်ငံ၌ရှိသော အဓိကနိုင်ငံရေး အဖွဲ့အစည်းများမှာ the Liberal Party of Australia ၊ the Australian Labor Party ၊ the Nationals နှင့် the Australian Greens တို့ဖြစ်ကြသည်။

လွှတ်တော်အမတ်အများစုသည် နိုင်ငံရေး အဖွဲ့အစည်းဝင်များ ဖြစ်ကြသည်။ အချို့မှာ မည်သည့်နိုင်ငံရေးအဖွဲ့အစည်း၌မျှ အဖွဲ့ဝင်မထားကြပါ။ ၎င်းတို့အား 'တစ်သီးပုဂ္ဂလအမတ်များ' (Independents) ဟု ခေါ်သည်။

ဩစတြေးလျားနိုင်ငံတွင် လူများသည် မိမိစိတ်ဆန္ဒအရ နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၌ လွတ်လပ်စွာ အဖွဲ့ဝင်နိုင်သည်။

## ဩစတြေးလျားနိုင်ငံတော် အစိုးရကို မည်သို့ဖွဲ့စည်းသနည်း။

ရွေးကောက်ပွဲတစ်ခု ပြီးဆုံးသည့်အခါ အောက်လွှတ်တော်၌ အမတ်အများစုရွေးခံရသော နိုင်ငံရေးအဖွဲ့အစည်း သို့မဟုတ် ညွန့်ပေါင်းအဖွဲ့အစည်းက ဩစတြေးလျား နိုင်ငံတော်အစိုးရကို ဖွဲ့စည်းသည်။ ဤအဖွဲ့အစည်း၏ ခေါင်းဆောင်သည် ဩစတြေးလျားနိုင်ငံတော် အစိုးရ၏ ခေါင်းဆောင် ဝန်ကြီးချုပ်ဖြစ်လာသည်။

ရွေးကောက်ပွဲပြီးဆုံးသည့်အခါ အောက်လွှတ်တော်၌ ဒုတိယအများဆုံးသော အမတ်အရေအတွက်ရှိသည့် နိုင်ငံရေး အဖွဲ့အစည်း သို့မဟုတ် ညွန့်ပေါင်းအဖွဲ့အစည်းသည် အတိုက်အခံအဖွဲ့ (Opposition) ကို ဖွဲ့စည်းသည်။ ၎င်း၏ ခေါင်းဆောင်ကို အတိုက်အခံအဖွဲ့ခေါင်းဆောင် (Leader of Opposition) ဟု ခေါ်သည်။

ဝန်ကြီးချုပ်သည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော် အမတ်များကို ရွေးချယ်၍ ဩစတြေးလျအစိုးရအတွင်း ဝန်ကြီးများအဖြစ် ခန့်အပ်သည်။ ဘုရင်ခံချုပ်သည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများခန့်အပ်ခြင်းကို အတည်ပြုသည်။

အစိုးရဝန်ကြီးများသည် အလုပ်အကိုင်ရေးရာ၊ ရှေးဦးတိုင်းရင်းသားရေးရာ (Indigenous affairs) သို့မဟုတ် ဘဏ္ဍာရေး (Treasury) တို့ကဲ့သို့သော အရေးကြီးသည့် အစိုးရအပိုင်းများ (ဌာနလက်ကိုင်ဟု ခေါ်သည်) အတွက် တာဝန်ယူကြရသည်။ ဩစတြေးလျားနိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်ချရာ၌ အဓိကအဖွဲ့အစည်းဖြစ်သော ဝန်ကြီးအဖွဲ့ (Cabinet) ကို အဆင့်အမြင့်ဆုံးသော ဌာနလက်ကိုင်ဝန်ကြီးများတို့ဖြင့် ဖွဲ့စည်းထားသည်။

## ဥပဒေများကို မည်သို့ပြဌာန်းသနည်း။

ဩစတြေးလျားနိုင်ငံတော် လွှတ်တော်သည် နိုင်ငံတော်၏ အကျိုးအတွက် ဥပဒေများကို ပြဌာန်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်သည်။

ဩစတြေးလျားနိုင်ငံလွှတ်တော်၏ အမတ်တစ်ဦးသည် ဥပဒေသစ်တစ်ရပ်ကို ပြဌာန်းရန် သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ကို ပြုပြင်ပြောင်းလဲရန် အဆိုတင်သွင်းသည်၊ ဤအဆိုတင်မှုကို ဥပဒေမူကြမ်း (Bill) ဟုခေါ်သည်။

အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က ဥပဒေမူကြမ်းအား သဘောတူ၊ မတူကို စဉ်းစားသုံးသပ်ကြ၍ ဝေဖန်ဆွေးနွေးကြပြီး မဲခွဲရွေးချယ်ကြသည်။

အကယ်၍ လွှတ်တော်တစ်ခုစီမှ အမတ်အများစုတို့က ဥပဒေမူကြမ်းကို သဘောတူကြလျှင် ဥပဒေမူကြမ်းကို ဘုရင်ခံချုပ်ထံ တင်ပြကြသည်။

ဘုရင်ခံချုပ်က ဥပဒေမူကြမ်းကို လက်မှတ်ရေးထိုးသည့်အခါ ၎င်းသည် ဥပဒေတစ်ရပ်ဖြစ်လာသည်။ ၎င်းကို 'တော်ဝင်သဘောတူညီချက်' (Royal Assent) ဟု ခေါ်သည်။

ပြည်နယ်နှင့် ဒေသအစိုးရများသည်လည်း ၎င်းတို့၏ ဥပဒေများကို အလားတူ ပြဌာန်းကြသည်။




# ဥပဒေများကို မည်သို့စီမံခန့်ခွဲသနည်း။

## တရားရုံးများ

ဩစတြေးလျားနိုင်ငံရှိ တရားရုံးများသည် သီးခြားလွတ်လပ်မှု ရှိကြသည်။ အကယ်၍ သူတစ်ဦးသည် တည်ဆဲဥပဒေအား ချိုးဖောက်ခဲ့ခြင်း ရှိမရှိကို တရားရုံးက ဆုံးဖြတ်ပြီး ဒဏ်ငွေကိုသတ်မှတ်သည်။ တရားရုံးများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ၎င်းတို့၏ရှေ့မှောက်ရှိ အထောက်အထားများအပေါ်၌သာ အခြေပြုနိုင်သည်။

## တရားသူကြီးများနှင့် အောက်ရုံးတရားသူကြီးများ

တရားသူကြီး သို့မဟုတ် အောက်ရုံးတရားသူကြီးများသည် တရားရုံး၌ အမြင့်ဆုံးသော အာဏာပိုင်ဖြစ်သည်။ တရားသူကြီးများနှင့် အောက်ရုံးတရားသူကြီးများ၌ လွတ်လပ်မှုရှိကြပြီး မည်သူကမျှ ၎င်းတို့အား မည်သို့ဆုံးဖြတ်ရမည်ကို မညွှန်ကြားနိုင်ပါ။

တရားသူကြီးများနှင့် အောက်ရုံးတရားသူကြီးများကို အစိုးရက ခန့်အပ်သော်လည်း ၎င်းတို့၏ ဆုံးဖြတ်ချက်များကို အစိုးရက သဘောမတူလင့်ကစား ၎င်းတို့အား အလုပ်မဖြုတ်နိုင်ပါ။

## ခုံသမာဓိအဖွဲ့များ

ဩစတြေးလျားတရားရုံးစနစ်တွင် လူများ၌ တရားရုံးက အပြစ်ရှိကြောင်းအထောက်အထား မတွေ့ရှိသမျှ ကာလပတ်လုံး အပြစ်မဲ့သူများဟု သတ်မှတ်ခံကြရသည်။ လူတိုင်း တရားရုံး၌ ရှေ့နေတစ်ဦး၏ ကိုယ်စားပြုပေးခံခွင့်ရှိသည်။

တရားရုံးသည် သူတစ်ဦးက အကယ်၍ တည်ဆဲဥပဒေချိုးဖောက်ခဲ့ခြင်း ရှိမရှိကို ဆုံးဖြတ်ရန် အချို့အမှုများ၌ ခုံသမာဓိအဖွဲ့ကို အသုံးပြုလိမ့်မည်။ ခုံသမာဓိအဖွဲ့၏ တာဝန်မှာ လူတစ်ဦး အပြစ်ကင်းမကင်း သို့မဟုတ် အပြစ်ရှိမရှိ တရားရုံးတွင် ဆုံးဖြတ်ရန်ဖြစ်သည်။ ခုံသမာဓိအဖွဲ့ဆိုသည်မှာ ပြည်သူလူထုအကြားမှ သာမာန်ဩစတြေးလျားနိုင်ငံသားများကို ကျပန်းစနစ်ဖြင့် ရွေးချယ်ထားသည့် အုပ်စုဖြစ်သည်။ တရားသူကြီးက ခုံသမာဓိအဖွဲ့အား တရားဥပဒေကို ရှင်းပြသည်။ ပြစ်မှုတစ်ခုကို စစ်ဆေးရာ၌ ခုံသမာဓိအဖွဲ့က လူတစ်ဦးအား အပြစ်ရှိကြောင်း အထောက်အထားကို အကယ်၍ ရှာတွေ့လျှင် တရားသူကြီးက ပြစ်ဒဏ်ကို ချမှတ်ဆုံးဖြတ်သည်။

## ရဲတပ်ဖွဲ့

ရဲတပ်ဖွဲ့သည် လူထုအတွင်း ငြိမ်းချမ်းရေးနှင့် စည်းစနစ်ရှိရေးတို့ကို ထိန်းသိမ်းသည်။ အသက်နှင့် ဥစ္စာပစ္စည်းတို့ကို ကာကွယ်ရန်မှာ ၎င်းတို့၏ တာဝန်ဖြစ်သည်။ ၎င်းတို့သည် အစိုးရ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းကြသည်။ အကယ်၍ ရဲတပ်ဖွဲ့က သူတစ်ဦးတစ်ယောက် ဥပဒေချိုးဖောက်ခဲ့သည်ဟု ယုံကြည်လျှင် ၎င်းတို့က ထိုသူအား ဖမ်းဆီးနိုင်ပြီး တရားရုံးတစ်ရုံးသို့ ခေါ်ထုတ်နိုင်သည်။ တရားရုံး၌ ရဲတပ်ဖွဲ့က သက်သေထွက်ဆိုနိုင်သော်လည်း လူတစ်ဦး၌ အပြစ်ရှိခြင်း မရှိခြင်းကို တရားရုံးက ဆုံးဖြတ်သည်။

ပြည်နယ်များနှင့် အနောက်ပိုင်းဒေသများတို့၌ ၎င်းတို့၏ကိုယ်ပိုင် ရဲတပ်ဖွဲ့များ ရှိကြသည်။ ၎င်းတို့သည် ပြစ်မှုများကို ပြည်နယ်နှင့်ဒေသတရားဥပဒေများဖြင့် ကိုင်တွယ်ဖြေရှင်းကြသည်။

ဩစတြေးလျားနိုင်ငံတွင် ဩစတြေးလျားပြည်ထောင်စု ရဲတပ်ဖွဲ့ (Australian Federal Police (AFP)) ဟု ခေါ်သည့် နိုင်ငံတော် ရဲတပ်ဖွဲ့တစ်ဖွဲ့လည်း ရှိသည်။ AFP သည် ပြည်ထောင်စုဥပဒေဆိုင်ရာ ပြစ်မှုများကို စုံစမ်းစစ်ဆေးသည်၊ ဥပမာ - မူးယစ်ဆေးဝါးကုန်ကူးမှု၊ နိုင်ငံတော် လုံခြုံရေး ပြစ်မှုများနှင့် သဘာဝပတ်ဝန်းကျင် ပြစ်မှုများတို့ဖြစ်ကြသည်။ AFP သည် ဩစတြေးလျားမြို့တော်ဒေသ (Australian Capital Territory) ရှိ အထွေထွေ ရဲတပ်ဖွဲ့လုပ်ငန်းများတို့အတွက်လည်း တာဝန်ရှိသည်။

ဩစတြေးလျား၌ ရဲတပ်ဖွဲ့နှင့် လူထုတို့အကြား ဆက်ဆံရေးကောင်းမွန်ကြသည်။ သင်၏ ရပ်ကွက်ရဲတပ်ဖွဲ့သို့ ပြစ်မှုများကို တိုင်ကြားပြီး အကူအညီတောင်းခံနိုင်သည်။

ဩစတြေးလျားနိုင်ငံတွင် လာဘ်ပေးခြင်းသည် လေးနက်သောပြစ်မှုတစ်ခုဖြစ်သည်။ ရဲအရာရှိတစ်ဦးအား လာဘ်ထိုးရန် ကမ်းလှမ်းခြင်းသည်ပင် ပြစ်မှုတစ်ခုဖြစ်သည်။

## ဩစတြေးလျားနိုင်ငံရှိ ပြစ်မှုများ

သင်သည် ဩစတြေးလျားဥပဒေများနှင့် အကျွမ်းဝင်ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေကို မသိနားမလည်ခြင်းကြောင့် ဩစတြေးလျား ဥပဒေတစ်ခုကို ချိုးဖောက်မိပါသည်ဟူသော ဆင်ခြေကို လက်မခံခြင်းကြောင့်ဖြစ်သည်။

အချို့သော အလွန်လေးနက်သည့် ပြစ်မှုများတွင် လူသတ်မှု၊ တိုက်ခိုက်မှု၊ ဗလက္ကာရပြုမှု၊ လူ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းတို့အပေါ် အကြမ်းဖက်မှု၊ လက်နက်ကိုင်၍ ဓားပြတိုက်မှု၊ သို့မဟုတ် ခိုးဝှက်မှု၊ ဥပဒေအရ သတ်မှတ်ထားသော လိုက်လျောခွင့်မပေးနိုင်သည့် အရွယ် မမီသေးသော ကလေးငယ်များ သို့မဟုတ် လူငယ်များနှင့် လိင်ဆက်ဆံမှု၊ မော်တော်ယာဉ် တစ်စီးစီးကို အန္တရာယ်ကြီးစွာ မောင်းနှင်မှု၊ တရားမဝင်သည့် မူးယစ်ဆေးဝါးများ ပိုင်ဆိုင်မှုနှင့် သုံးစွဲမှုနှင့် လိမ်လည်မှုများ ပါဝင်ကြသည်။

လူတိုင်းလူတိုင်းမှာ ၎င်းတို့၏မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ချစ်ခင်ရသူများနှင့်အတူ အပြုသဘောဆောင်ပြီး ဘေးကင်းလုံခြုံသော ဆက်ဆံရေးများကို တွေ့ကြုံခံစားခွင့်ရှိသည်။ ဩစတြေးလျားနိုင်ငံတွင် အခြားသူတစ်ဦးအား အကြမ်းဖက်ခြင်းသည် အခြားနိုင်ငံများမှာကဲ့သို့ပင် ဥပဒေနှင့်ဆန့်ကျင်ပြီး အလွန်ကြီးလေးသော ပြစ်မှုတစ်ခုဖြစ်သည်။ ဤတွင် အိမ်တွင်းနှင့် အိမ်ထောင်ရေးအတွင်း အကြမ်းဖက်ခြင်းတို့ ပါဝင်ကြပြီး ၎င်းကို အိမ်တွင်း သို့မဟုတ် မိသားစုတွင်း အကြမ်းဖက်ခြင်း (domestic or family violence) ဟု ခေါ် သည်။ အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်ခြင်းတွင် ပါတနာတစ်ဦးအား ကြောက်လန့်စေခြင်း သို့မဟုတ် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်ခြင်းဖြင့် ထိန်းချုပ်ရန် ရည်ရွယ်သည့် အပြုအမူ သို့မဟုတ် ခြိမ်းခြောက်မှု ပါဝင်သည်။ အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှုများတွင် ရိုက်ခြင်း၊ မိသားစုဝင်တစ်ဦးကို မိတ်ဆွေသူငယ်ချင်းများနှင့် မိသားစုနှင့် ခွဲထားခြင်း သို့မဟုတ် ကလေးငယ်များ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များကို ခြိမ်းခြောက်ခြင်းတို့ ပါဝင်သည်။ အိမ်တွင်းနှင့် မိသားစုတွင်းအကြမ်းဖက်မှုသည် ဥပဒေနှင့် ဆန့်ကျင်သည်။

ဤပြစ်မှုများကို ကျူးလွန်သူသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ထောင်ကျနိုင်သည်။ မည်သူမျှ ဆိုးရွားစွာ သို့မဟုတ် နစ်နာမှုဖြစ်အောင် ဆက်ဆံခြင်းကို လက်မခံသင့်ပါ။

သင် သို့မဟုတ် သင်သိသည့် လူတစ်ယောက်မှာ အန္တရာယ်ကျရောက်နေပါက သင့်အနေဖြင့် ရဲထံသို့ ဆက်သွယ်သင့်သည်။ နောက်ထပ်သတင်းအချက်အလက်များကို www.respect.gov.au နှင့် www.1800respect.org.au တို့တွင် ရရှိနိုင်သည်

## ယာဉ်အသွားအလာပြစ်မှုများ

လမ်းနှင့် ယာဉ်အသွားအလာ စည်းမျဉ်းများကို ပြည်နယ်နှင့် ဒေသအစိုးရများတို့က ထိန်းချုပ်ထားသည်။ ယာဉ်အသွားအလာ စည်းကမ်းဥပဒေများကို ချိုးဖောက်မှုအတွက် လူများအား ကြီးမားသော ဒဏ်ငွေများကို ချမှတ်နိုင်သည် သို့မဟုတ် ထောင်ပင်ကျနိုင်သည်။ ဩစတြေးလျား၌ ကားတစ်စီးမောင်းရန် သင့်၌ ထိုအရပ်ဒေသထုတ် ယာဉ်မောင်းလိုင်စင်တစ်ခုရှိရမည်ဖြစ်ပြီး ကားကို မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

ကားတစ်စီး၌ ခရီးသွားနေကြသူများအားလုံး ထိုင်ခုံခါးပတ်များကို တပ်ဆင်ကြရမည်။ မွေးကာစ ကလေးများများသည် ဥပဒေကအတည်ပြု အခွင့်ပေးထားသော မွေးကာစကလေးထိုင်ခုံအတွင်း၌ ရှိနေကြရမည်။ ယာဉ်မောင်းနှင့်မှု ဥပဒေများမှာ အလွန်တင်းကျပ်သည်။ မူးယစ်ဆေးသုံးပြီးနောက် သို့မဟုတ် သွေးတွင်းအရက်ပမာဏ ကန့်သတ်ချက်အထက်တွင် ရှိနေချိန်တွင် မောင်းနှင်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်။ ကားမောင်းနေစဉ် လက်ကိုင်မိုဘိုင်းဖုန်းနှင့် စကားပြောခြင်းသည်လည်း ဥပဒေနှင့်ဆန့်ကျင်သည်။



# အပိုင်း လေး

# သြစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများ



# ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများ

လွတ်လပ်ခွင့်၊ လေးစားမှု၊ မျှတမှုနှင့် တန်းတူညီမျှမှုတို့အပေါ် အခြေခံထားသော ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများမှာ လုံခြုံစိတ်ချရသော၊ ကြီးပွားတိုးတက်ပြီး ငြိမ်းချမ်းသော အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရှိနေစေမည့် ဩစတြေးလျားနိုင်ငံ၏ ဗဟိုအချက်အချာ ဖြစ်သည်။

ကျွန်ုပ်တို့၏ စံတန်ဖိုးများသည် ကျွန်ုပ်တို့ တိုင်းပြည်နှင့် ယဉ်ကျေးမှုကို အဓိပ္ပါယ်သတ်မှတ်ပြီး ပုံဖော်ပေးကာ များစွာသောလူများ ဩစတြေးလျားနိုင်ငံသားဖြစ်လိုသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။

ဩစတြေးလျားနိုင်ငံသားဖြစ်ခြင်းသည် သင်တို့၏ နေ့စဉ်ဘဝနှင့် သင်တို့၏ ရပ်ရွာအသိုက်အဝန်းအတွင်း ဤစံတန်ဖိုးများကို ကျင့်သုံးနေထိုင်ရန်အတွက်ဖြစ်သည်။ ထို့ကြောင့် သင်သည် ဩစတြေးလျားနိုင်ငံသားအားလုံးလေးစားပြီး မျှဝေကြရန်နှင့် ထိန်းသိမ်းထားသည့် စံတန်ဖိုးများကို နားလည်ရန် အလွန်ပင် အရေးကြီးလှသည်။

## ကျွန်ုပ်တို့၏ စံတန်ဖိုးများ

### ဥပဒေစိုးမိုးရေးအတွက် ကတိပြုလုပ်ဆောင်ခြင်း

ဩစတြေးလျားနိုင်ငံသားများအားလုံးကို ကျွန်ုပ်တို့၏ ဥပဒေများနှင့် တရားဥပဒေစနစ်များမှ ကာကွယ်ထားပါသည်။ သစတြေးလျားနိုင်ငံသားများသည် ငြိမ်းချမ်းပြီး စနစ်ကျသော လူ့ဘောင်တစ်ခု ထိန်းသိမ်းရာတွင် ဥပဒေများ၏ အရေးပါမှုကို သိရှိကြသည်။

ဥပဒေစိုးမိုးမှုအရ သစတြေးလျားနိုင်ငံသားများအားလုံးသည် ဥပဒေနှင့် တစ်သားတည်းဆက်စပ်မှုရှိကြပြီး ဥပဒေအထက်တွင် မည်သူတစ်ဦးတစ်ယောက်မှ သို့မဟုတ် မည်သည့်အဖွဲ့အစည်းမှ ရှိမနေရပါ။ သစတြေးလျားနိုင်ငံတွင် လူတိုင်းသည် ဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ပြီး ၎င်းကို မည်သည့်အချိန်တွင်မှ ချိုးဖောက်၍မရ။ ချိုးဖောက်ခဲ့ပါက အပြစ်ပေးခြင်းများကို ရင်ဆိုင်ရနိုင်သည်။ သင်သည် မည်သူတစ်ဦးတစ်ယောက်မှစောင့်ကြည့်နေခြင်းမရှိလျှင်ပင် ဥပဒေကို လိုက်နာရမည်။

သစတြေးလျားဥပဒေများသည် သစတြေးလျားပြည်သူပြည်သားအားလုံးနှင့် သက်ဆိုင်သည်။ ဆိုလိုသည်မှာ သင်သည် မည်သည့်နောက်ခံအခြေအနေ သို့မဟုတ် ယဉ်ကျေးမှုရှိသည်ဖြစ်စေ သစတြေးလျားဥပဒေများကို လိုက်နာရမည့် အဓိပ္ပါယ်ဖြစ်သည်။

### ပါလီမန်ဒီမိုကရေစီ

ဩစတြေးလျားနိုင်ငံ၏ အစိုးရစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်။ ကျွန်ုပ်တို့ ဥပဒေများကို ပြည်သူများရွေးချယ်ထားသည့် လွှတ်တော်များမှ ဆုံးဖြတ်ပေးသည်။ ၎င်း၏အဓိပ္ပါယ်မှာ နိုင်ငံကို မည်သို့အုပ်ချုပ်ရမည်ဆိုသည့် အပိုင်း၌ ဩစတြေးလျားနိုင်ငံသားများအားလုံး ပါဝင်ကြသည်။ ဩစတြေးလျားနိုင်ငံသားများသည် လွှတ်တော် (ပါလီမန်) ၌ မိမိတို့အား ကိုယ်စားပြုကြမည့်သူများကို မဲဆန္ဒထည့်ကြခြင်းကြောင့် အစိုးရ၏ အမိန့်အာဏာသည် ဩစတြေးလျားနိုင်ငံသားများထံမှ လာသည်။

ဩစတြေးလျားနိုင်ငံတွင် မဖြစ်မနေမဲပေးရန်လိုသည်။ ယင်းမှာရွေးကောက်ပွဲများတွင် ပါဝင်ရန် အရေးကြီးပုံကိုပြသည်။

## လွတ်လပ်စွာပြောဆိုနိုင်ခွင့်

သြစတြေးလျားနိုင်ငံရှိ ပြည်သူများသည် ဥပဒေဘောင်အတွင်း ရှိနေသရွေ့ မိမိတို့၏ အယူအဆများကို လွတ်လပ်စွာထုတ်ဖော်ခွင့် ရှိသင့်သည်။ သြစတြေးလျားနိုင်ငံတွင် လူများသည် ယေဘုယျအားဖြင့် လူမှုရေး သို့မဟုတ် နိုင်ငံရေးဆွေးနွေးမှုအတွက် အများသုံးနေရာများ၌လည်းကောင်း၊ သီးသန့်နေရာများ၌လည်းကောင်း၊ လူများနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင်သည်။ လူများတွင် မည်သည့်အကြောင်းအရာအတွက်မဆို ၎င်းတို့၏ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်နှင့် ၎င်းတို့၏ အယူအဆများကို အခြားသူများနှင့်လည်း လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။ သတင်းစာများ၊ ရုပ်မြင်သံကြားနှင့်ရေဒီယိုသတင်းဌာနများတွင်လည်း အလားတူလွတ်လပ်မှုရှိသည်။

သြစတြေးလျားနိုင်ငံသားများသည် အစိုးရ၏ လုပ်ဆောင်ချက်များကို ကန့်ကွက်ဆန္ဒပြခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အများပြည်သူ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းကို လက်သင့်ခံခြင်းသည် ဒီမိုကရေစီစနစ်၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အခြားသူတစ်ဦး သို့မဟုတ် အုပ်စုတစ်စုအား အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း (ဥပမာ ၎င်းတို့၏ ယဉ်ကျေးမှု၊ တိုင်းရင်းသား၊ ဘာသာ သို့မဟုတ် နောက်ခံအခြေအနေများကြောင့်) သည် သြစတြေးလျား စံတန်ဖိုးများနှင့် ဥပဒေကို ဆန့်ကျင်သည့်အတွက် မည်သည့်အခါမှ လက်ခံနိုင်ဖွယ်ရာမရှိပါ။ မဟုတ်မမှန်စွပ်စွဲခြင်း သို့မဟုတ် အခြားသူများအား ဥပဒေချိုးဖောက်ရန် အားပေးခြင်းသည်လည်း ဥပဒေနှင့်မညီညွတ်ပါ။ အခြားသူများ၏ လွတ်လပ်စွာပြောဆိုနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖော်ပြခွင့်တို့သည် ဥပဒေနှင့် ညီညွတ်နေသရွေ့ ထိုဖွင့်ဟထုတ်ဖော်ခြင်းများကို လေးစားရမည်။

## အဖွဲ့အစည်းဆိုင်ရာ လွတ်လပ်ခွင့်

သြစတြေးလျားနိုင်ငံတွင် လူများသည် ဥပဒေဘောင်အတွင်းရှိနေသရွေ့ မည်သည့်အဖွဲ့ကိုမဆို လွတ်လပ်စွာဖြင့် မိမိဆန္ဒအလျောက် ပါဝင်ခြင်း သို့မဟုတ် နုတ်ထွက်ခြင်း ပြုလုပ်နိုင်သည်။ လူများသည် နိုင်ငံရေးအဖွဲ့အစည်း၊ ကုန်သွယ်ရေးသမဂ္ဂ၊ ဘာသာရေး၊ ယဉ်ကျေးမှု သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများကဲ့သို့သော မည်သည့်တရားဝင်အဖွဲ့အစည်း၌မဆို လွတ်လပ်စွာ အဖွဲ့ဝင်နိုင်သည်။ လူပုဂ္ဂိုလ်များကို အဖွဲ့အစည်းတစ်ခုသို့ ဝင်ရောက်ရန် သို့မဟုတ် ထွက်ခွာရန် အတင်းအကျပ် မလုပ်နိုင်ပါ။

သြစတြေးလျားနိုင်ငံသားများသည် အစိုးရ၏ လုပ်ရပ်တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ကန့်ကွက်ဆန္ဒပြရန်အပါအဝင် အခြားသူများနှင့် လွတ်လပ်စွာ စုရုံးနိုင်သည်။ သို့သော် ကန့်ကွက်ဆန္ဒပြခြင်းအားလုံးသည် ဥပဒေဘောင်အတွင်းရှိရမည်။ ၎င်း၏ အဓိပ္ပါယ်မှာ ကန့်ကွက်ဆန္ဒပြခြင်းများသည် အေးချမ်းမှုရှိရပြီး မည်သူ့အားမဆို ထိခိုက်နာကျင်မှုမဖြစ်စေရပါ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများကို မဖျက်ဆီးရပါ။

## ဘာသာရေး လွတ်လပ်ခွင့်

သြစတြေးလျားနိုင်ငံတွင် နိုင်ငံတော်၏ တရားဝင်ဘာသာမရှိသဖြင့် သြစတြေးလျားနိုင်ငံရှိ ပြည်သူများသည် ၎င်းတို့ရွေးချယ်သည့် မည်သည့်ဘာသာကိုမဆို ကိုးကွယ်နိုင်သည်။ အစိုးရသည် နိုင်ငံသားများအားလုံးကို ဘာသာမရွေး၊ ယုံကြည်မှုမရွေး တန်းတူညီတူဆက်ဆံသည်။ သို့သော် ဘာသာရေးကျင့်သုံးမှုများသည် သြစတြေးလျားဥပဒေများကို ချိုးဖောက်ခြင်းမရှိရပါ။

သြစတြေးလျားနိုင်ငံတွင် ဘာသာရေးဥပဒေများ၌ တရားဝင်သတ်မှတ်ထားခြင်း မရှိပါ။ သြစတြေးလျားနိုင်ငံဥပဒေကို ဘာသာရေးဥပဒေများနှင့် ကွာခြားနေခြင်း အပါအဝင် သြစတြေးလျားနိုင်ငံရှိ လူတိုင်းလိုက်နာရန်လိုအပ်သည်။ အချို့ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှု ကျင့်သုံးမှုအချို့တွင် ဥပမာ အိမ်ထောင်များစွာပြုခြင်း (တစ်ချိန်တည်း၌ လူတစ်ဦးထက်ပို၍ လက်ထပ်ခြင်း) နှင့် အတင်းအကြပ်လက်ထပ်စေခြင်းတို့မှာ သြစတြေးလျားဥပဒေနှင့် ဆန့်ကျင်ပြီး ထောင်ဒဏ်အပါအဝင် ပြင်းထန်သော ဥပဒေရေးရာ အပြစ်ပေးမှုများ ခံရနိုင်သည်။

သြစတြေးလျား လူ့ဘောင်၌ ဘာသာရေးအရ ချုပ်ချယ်ခြင်းကို လက်မခံပါ။ လူတိုင်းတွင် မည်သည့် တိုင်းရင်းသား သို့မဟုတ် ဘာသာဝင်ဖြစ်နေပါစေ သြစတြေးလျားဥပဒေကို လိုက်နာသမျှကာလပတ်လုံး မိမိတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများကို အကောင်အထည်ဖော်ရန် တန်းတူအခွင့်အရေးရှိသည်။



## ဥပဒေအရ လူအားလုံး၏ တန်းတူညီမျှခြင်း

ဩစတြေးလျားလူ့ဘောင်အဖွဲ့အစည်းသည် မည်သည့် လိင်၊ လိင်တိမ်းညွှတ်မှု၊ အသက်၊ မသန်စွမ်းမှု၊ ဘာသာရေး၊ လူမျိုး သို့မဟုတ် နိုင်ငံသား သို့မဟုတ် တိုင်းရင်းသားဇာစ်မြစ် ဟူ၍ မရွေးဘဲ အားလုံး၏ တန်းတူညီမျှမှုကို တန်ဖိုးထားသည်။ ဩစတြေးလျားနိုင်ငံတွင် လူတစ်ဦးအား အခြားသူများမှ ခွဲခြားဆက်ဆံခြင်းကို တားဆီးပေးသည့် ဥပဒေများစွာရှိပါသည်။

မတူညီသော နောက်ခံအခြေအနေရှိသူများကို ဦးစားပေး အရေးယူဆောင်ရွက်မှုများ မပေးစေရန်နှင့် ခွဲခြားဆက်ဆံခြင်းမပြုရန် ဩစတြေးလျားနိုင်ငံတွင် ဤဥပဒေကို အသုံးချပါသည်။ ဥပမာ - ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာယုံကြည်သူများအားလုံးသည် ခရစ်ယာန်ဘာသာဝင်များကဲ့သို့ တူညီသောအရေးယူဆောင်ရွက်မှုများ ရရှိပါမည်။ ကျွန်ုပ်တို့၏ဥပဒေများအရ အမျိုးသားနှစ်ဦး သို့မဟုတ် အမျိုးသမီးနှစ်ဦး လက်ထပ်ခြင်းအပါအဝင် လူနှစ်ဦး အချင်းချင်းလက်ထပ်နိုင်သည်။

ဩစတြေးလျားနိုင်ငံ၌ အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူညီတူ အခွင့်အရေးများရှိကြပြီး ၎င်းတို့၏ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများကို အကောင်အထည်ဖော်ရန် အခွင့်အရေးတန်းတူပေးသင့်သည်။ အမျိုးသားနှင့်အမျိုးသမီးများပါ ပညာရေးနှင့် အလုပ်အကိုင်တို့၌ သာတူညီမျှ အခွင့်အရေးရပိုင်ခွင့်ရှိကြပြီး ရွေးကောက်ပွဲများ၌ မဲထည့်နိုင်သည်၊ ပါလီမန်၌ ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့် ရှိသည့်အပြင် ဩစတြေးလျားနိုင်ငံတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့တွင် ပါဝင်ခွင့်ရှိပြီး တရားရုံးများ၌ ညီတူမျှတူဆက်ဆံသည်။

သူတစ်ဦးအား ၎င်း၏လိင်ကြောင့် ခွဲခြားဆက်ဆံခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်။ ဩစတြေးလျားနိုင်ငံတွင် အမျိုးသမီးတစ်ဦးတွင် ပိုသာသော အရည်အချင်းနှင့် ကျွမ်းကျင်မှုများ ရှိနေပါက အမျိုးသားထက် ဦးစွာ အမျိုးသမီးအလုပ်ရနိုင်သည့် အခွင့်အရေးရှိသည်။

အမျိုးသားများရော အမျိုးသမီးများပါ အိမ်ထောင်ရေးနှင့် ဘာသာရေးကဲ့သို့သော ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့်ပတ်သက်၍ မိမိတို့ဘာသာ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်များ ရှိကြပြီး အခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်းတို့မှ တရားဥပဒေက ကာကွယ်ပေးထားသည်။ အိမ်ထောင်ဖက် သို့မဟုတ် ပါတနာတစ်ဦးအပေါ် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းကို မည်သည့်အခါမှ လက်မခံသည့်အပြင် ၎င်းမှာ ဩစတြေးလျားနိုင်ငံအတွင်း ရာဇဝတ်မှုတစ်ခုဖြစ်သည်။

သစတြေးလျားနိုင်ငံတွင် ကွာရှင်းခြင်းကို လက်ခံနိုင်ပါသည်။ အခြားအိမ်ထောင်ဖက်ဖြစ်သူက အိမ်ထောင်ကို ဆက်လက်ထိန်းသိမ်းလိုသည့်တိုင် ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ တရားရုံးတွင် ကွာရှင်းခွင့်လျှောက်ထားနိုင်သည်။

## အခွင့်အရေး၏ တန်းတူမှုနှင့် ‘တရားမျှတသော အခွင့်အရေး’ (fair go)

ကျွန်ုပ်တို့သည် လူတိုင်း၌ ‘တရားမျှတသော အခွင့်အရေး’ (fair go) ရထိုက်ကြောင်းနှင့် မည်သို့သောလူတန်းစားကွဲပြားမှုမျိုးကမှ ကန့်သတ်ခြင်းမရှိသင့်ကြောင်း ယုံကြည်ကြသည်။ လူတိုင်းကို မည်သို့သောနောက်ခံများရှိသည်ဖြစ်စေ ဘဝအောင်မြင်မှုရရှိရန်အတွက် တူညီသောအခွင့်အလမ်းပေးထားပြီး လူတိုင်းတွင် တူညီသောဥပဒေအခွင့်အရေးများရှိအောင် ဆောင်ရွက်ခြင်းသည် ဩစတြေးလျားလူ့ဘောင်တွင် တရားမျှတမှု၏ အရေးပါသော ရှုထောင့်တစ်ခုဖြစ်သည်။

လူတစ်ဦးက သူ၏ဘဝတွင် စွမ်းဆောင်ရရှိခဲ့သော အရာတစ်ခုခုသည် ထိုသူ၏ လုံ့လနှင့် စွမ်းရည်များ၏ ရလဒ်ကြောင့် ဖြစ်သင့်သည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် အလုပ်ရရှိရာ၌ ထိုသူ၏လိင်၊ စည်းစိမ်ဥစ္စာ သို့မဟုတ် နောက်ခံအခြေအနေကြောင့်မဟုတ်ဘဲ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့အပေါ် အခြေခံသင့်သည်။

အဖွဲ့အစည်းတစ်ရပ်သည် အလုပ်တစ်ခု ခေါ် ယူရန်လိုအပ်ပါက ၎င်းတို့သည် အလုပ်နှင့် အကိုက်ညီဆုံး အရည်အသွေးနှင့် အတွေ့အကြုံရှိသူကို ရွေးချယ်ရန် ဥပဒေက ပံ့ပိုးထားသည်။

ဩစတြေးလျားနိုင်ငံရှိ ရွှေ့ပြောင်းနေထိုင်သူအသစ်များစွာသည် ၎င်းတို့၏ ကြိုးစားမှုနှင့် အရည်အချင်းများကြောင့် စီးပွားရေးလုပ်ငန်း၊ မိမိတို့၏ အသက်မွေးဝမ်းကြောင်း၊ အနုပညာ၊ အစိုးရဝန်ဆောင်မှုနှင့် အားကစားတို့တွင် ခေါင်းဆောင်များ ဖြစ်လာကြသည်။



## အပြန်အလှန်လေးစားမှုနှင့် အခြားသူများအတွက် သည်းခံနိုင်မှု

ဩစတြေးလျားနိုင်ငံတွင် လူတိုင်းသည် အခြားသူများ၏ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာ၊ ၎င်းတို့၏ ထင်မြင်ယူဆချက်နှင့် ရွေးချယ်မှုများကို လေးစားရမည်။

အခြားသူတစ်ဦးအပေါ် အကြမ်းဖက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ နှုတ်နှင့် ကိုယ်ထိလက်ရောက် စော်ကားခြင်းအပါအဝင် မည်သည့်အကြမ်းဖက်မှုမျိုးဖြစ်ပါစေ ဥပဒေနှင့်ဆန့်ကျင်သည်။ ဩစတြေးလျားနိုင်ငံသားများသည် ငြိမ်းချမ်းစွာသဘောထားကွဲလွဲခြင်းအပြင် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုကင်းဝေးပြီး ဘေးကင်းလုံခြုံသည့် အခွင့်အရေးများအားလုံးကို ယုံကြည်ပါသည်။

ဩစတြေးလျားနိုင်ငံတွင် လိင်ကိစ္စဆောင်ရွက်ရန် သဘောတူနိုင်သည့် အသက်အရွယ်နှင့်ပတ်သက်၍ အလွန်တင်းကြပ်သော ဥပဒေများရှိသည်၊ သင်နေထိုင်သည့် ပြည်နယ် သို့မဟုတ် ဒေသပေါ် မူတည်၍ 16 နှစ် သို့မဟုတ် 17 နှစ်ဖြစ်သည်။ ဥပမာ - ဩစတြေးလျားနိုင်ငံတွင် အသက 20 အရွယ် အမျိုးသားတစ်ဦးသည် အသက် 15 နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် လိင်မှုရေးရာ ပတ်သက်ခွင့်မရှိရ။ အဘယ်ကြောင့်ဆိုသော် ဩစတြေးလျားနိုင်ငံ၏ ပြည်နယ်နှင့်ဒေသအားလုံးရှိ ဥပဒေနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။

ဩစတြေးလျားနိုင်ငံတွင် ရဲများ၏ ဥပဒေနှင့်ညီသော လုပ်ရပ်များကို ထောက်ခံရမည်။ ဩစတြေးလျားနိုင်ငံသားများအားလုံး အောက်ပါဥပဒေကို လိုက်နာပါမည်ဟု ကတိကဝတ်ပြုထားခြင်းကြောင့် သင်သည် ရဲတပ်ဖွဲ့ထံမှ ဥပဒေနှင့်ညီသော တောင်းဆိုချက်တစ်ခုကို လိုက်နာရပါမည်။

ဩစတြေးလျားနိုင်ငံသည် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်မှု၏ အခြေခံသဘောတရားများကို တန်ဖိုးထားသည်။ ယင်းမှာ အခြားသူများ၏ အမြင်များနှင့် ထင်မြင်ယူဆချက်များမှာ မိမိနှင့် ကွဲလွဲနေသည့်တိုင် ၎င်းတို့အား နားထောင်ပေးခြင်းနှင့် အလေးထားပေးခြင်းဟု အဓိပ္ပါယ်ရသည်။ လူအများသည် သဘောချင်းမတိုက်ဆိုင်သည့်အခါများတွင် အချင်းချင်း သည်းခံသင့်သည်။

ဩစတြေးလျားနိုင်ငံတွင် လူမျိုးရေးခွဲခြားရေးဝါဒကို လုံးဝလက်မခံပါ။ ယင်းတွင် အင်တာနက် သို့မဟုတ် အခြားထုတ်ဝေမှုများပေါ် တွင် လူမျိုးရေးအရ ထိခိုက်စော်ကားသော အချက်အလက်များ ဖန်တီးခြင်း သို့မဟုတ် မျှဝေခြင်းနှင့် အများပြည်သူဆိုင်ရာနေရာတစ်ခု သို့မဟုတ် အားစကားပွဲအခမ်းအနားပွဲတစ်ခုတွင် လူမျိုးရေးအရ စော်ကားသည့် မှတ်ချက်ပြုခြင်းများ ပါဝင်သည်။

# ကျွန်ုပ်တို့၏ အသိုက်အဝန်း

## ပါဝင်ဖြည့်ဆည်းခြင်း

နိုင်ငံသားအဖြစ်ခံယူခြင်းသည် သင့်အား ကျွန်ုပ်တို့၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် အပြည့်အဝ ပါဝင်နိုင်မည့် အခွင့်အရေးတစ်ရပ် ရရှိစေပါသည်။ အဓိပ္ပါယ်မှာ သင်သည် ဩစတြေးလျားနိုင်ငံသားတစ်ဦးအနေဖြင့် သင်၏တာဝန်များကို ဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေပြီဟူသည့် သဘောဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားများသည် ဩစတြေးလျားနိုင်ငံတွင် နေထိုင်သူတိုင်းအား ကျွန်ုပ်တို့၏ အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ကျွန်ုပ်တို့၏ အသိုက်အဝန်းအတွက် ပါဝင်ဖြည့်ဆည်းမှု ပြုလုပ်ရန် မျှော်လင့်ကြသည်။ လူတိုင်းတွင် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့မိသားစုများအတွက် တတ်နိုင်ပါက ကြိုးစားရန်နှင့် ပံ့ပိုးရန် တာဝန်ရှိသည်။

## ချို့ငဲ့နေသူများကို စာနာရိုင်းပင်းမှု

ဩစတြေးလျားနိုင်ငံသားများသည် 'အပေါင်းအသင်း' (mateship) စိတ်ဓာတ်ကို တန်ဖိုးထားသည်။ ကျွန်ုပ်တို့သည် လိုအပ်မှုရှိသည့်အခါများ၌ တစ်ဦးနှင့်တစ်ဦးအား အကူအညီပေးကြသည်။ ဥပမာ - အိုမင်းသော အိမ်နီးချင်းထံသို့ အစားအစာ ပို့ပေးကောင်းပို့ပေးခြင်း၊ သူငယ်ချင်းတစ်ဦးအား ဆေးကုသမှုခံယူရေး ချိန်းဆိုချက်သို့ ကားမောင်း၍ ပို့ပေးကောင်းပို့ပေးခြင်း သို့မဟုတ် အထီးကျန်နေသူတစ်ဦးအား သွားရောက်တွေ့ဆုံကောင်းတွေ့ဆုံခြင်းဟူသည့် သဘောဖြစ်နိုင်သည်။

အပေါင်းအသင်းစိတ်ဓာတ်ဖြင့် ဩစတြေးလျားနိုင်ငံတွင် အချင်းချင်း ကြည့်ရှုစောင့်ရှောက်ရန်နှင့် အသိုက်အဝန်းအား အားကောင်းခိုင်မာစေရန်အတွက် အသိုက်အဝန်းအတွင်း ပံ့ပိုးပေးခြင်းနှင့် စေတနာ့ဝန်ထမ်းလုပ်ပေးခြင်း အစဉ်အလာတစ်ရပ် ခိုင်ခိုင်မာမာရှိနေပါသည်။ စေတနာ့ဝန်ထမ်းအလုပ်လုပ်ရခြင်းအားဖြင့် ပညာဗဟုသုတကို ဝေမျှရန်၊ ကျွမ်းကျင်မှုအသစ်အဆန်းများကို တတ်မြောက်ရန်နှင့် ဩစတြေးလျားနိုင်ငံ၏ လူ့အသိုင်းအဝိုင်း၌ သင်၏ပါဝင်ပတ်သက်နေစိတ်ကို တိုးပွားစေရန်တို့အတွက် အခွင့်ကောင်းကြီးတစ်ခုလည်းဖြစ်ပေသည်။ ဩစတြေးလျားနိုင်ငံတွင် သင် စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများစွာ ရှိပါသည်။

## နိုင်ငံသုံးဘာသာစကားအဖြစ် အင်္ဂလိပ်ဘာသာ

ဩစတြေးလျားလူ့ဘောင်အသိုက်အဝန်းသည် အင်္ဂလိပ်ဘာသာအား ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်ဘာသာစကားအဖြစ်လည်းကောင်း၊ လူ့ဘောင်အသိုက်အဝန်းအား စည်းလုံးစေသည့် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း တန်ဖိုးထားသည်။ ဩစတြေးလျားနိုင်ငံတွင် နေထိုင်သူများသည် အင်္ဂလိပ်ဘာသာစကား သင်ယူရန် ကြိုးပမ်းသင့်သည်။

အင်္ဂလိပ်ဘာသာစကားသည် ပညာဆည်းပူးရန်၊ အလုပ်ရရန်နှင့် ရပ်ရွာအတွင်း ပိုမိုပူးပေါင်းပါဝင်ရန် အထောက်အကူပြုနိုင်သည့်အတွက် အင်္ဂလိပ်စကားပြောလေ့လာရန် အရေးကြီးသည်။ စီးပွားရေးအရ ပါဝင်ခြင်းနှင့် လူမှုရေးအရ စည်းလုံးညီညွတ်မှုရှိရန် မရှိမဖြစ်လိုအပ်သည်။ ဩစတြေးလျားနိုင်ငံသားဖြစ်ခွင့် လျှောက်ထားသူများအနေဖြင့် အင်္ဂလိပ်ဘာသာစကားသည် မိမိတို့၏မိခင်ဘာသာစကား မဟုတ်လျှင်ပင် အင်္ဂလိပ်ဘာသာစကားတတ်မြောက်ရန် ကြောင်းကျိုးညီညွတ်သော အားထုတ်မှုတစ်ခု လုပ်ဆောင်ရန်လိုအပ်သည်။

## ကျွန်ုပ်တို့၏လူ့ဘောင်အသိုက်အဝန်းအား ဘေးကင်းလုံခြုံစေရန် ကူညီခြင်း

ဩစတြေးလျားနိုင်ငံတွင် ကျွန်ုပ်တို့တစ်ယောက်ချင်းစီတိုင်းတွင် ဩစတြေးလျားလူ့ဘောင်အသိုက်အဝန်းကို ကာကွယ်ရာတွင် ကူညီပေးရမည့် တာဝန်ရှိသည်။ ဥပမာ - ဩစတြေးလျားနိုင်ငံရှိ ပြည်သူများသည် မိမိတို့မိတ်ဆွေ သို့မဟုတ် အိမ်နီးချင်း ကြီးလေးသောရာဇဝတ်မှုတစ်ခု ကျူးလွန်ရန် စီစဉ်နေသည်ဟု သံသယရှိပါက ၎င်းတို့သည် ဩစတြေးလျားအစိုးရအား အမြန်ဆုံးသတင်းပို့သင့်သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသိုက်အဝန်း၏ လုံခြုံမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

အလားတူပင် ဩစတြေးလျားနိုင်ငံရှိပြည်သူများသည် ကလေးတစ်ဦး ညှဉ်းပမ်းနှိပ်စက်ခံနေရသည်ကို မြင်လျှင် သို့မဟုတ် သိရှိလျှင် ယင်းဖြစ်ရပ်အား စုံစမ်းရန် ရဲကို သတင်းပို့သင့်သည်။

ဩစတြေလျားနိုင်ငံတွင် အွန်လိုင်းမှအလွဲသုံးစားပြုခြင်းကို လက်မခံပါ။ တစ်ခါတစ်ရံတွင် ၎င်းကို ဆိုက်ဘာအလွဲသုံးစားပြုမှုဟု ခေါ် သည်။ ဥပမာများတွင် သဘောတူညီချက်မပါဘဲ လိင်ပိုင်းဆိုင်ရာဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများကို အွန်လိုင်းမှ မျှဝေခြင်း၊ လူတစ်ယောက်အား အွန်လိုင်းမှ ခြေရာခံစောင့်ကြည့်ခြင်း သို့မဟုတ် လူတစ်ယောက်အကြောင်း အွန်လိုင်းပေါ် တွင် လူမျိုးရေးအရ စော်ကားသော မှတ်ချက်များပေးခြင်းတို့ ပါဝင်သည်။ ဆိုက်ဘာအလွဲသုံးစားမှု ပုံစံများစွာမှာ ဩစတြေးလျားနိုင်ငံတွင် ဥပဒေနှင့်မညီပါ။

## ဩစတြေးလျားနိုင်ငံအပေါ် သစ္စာစောင့်သိခြင်း

ဩစတြေးလျားနိုင်ငံသားခံယူမှု ကတိကဝတ်တွင် ဩစတြေးလျားနိုင်ငံသားများသည် ဩစတြေးလျားနိုင်ငံနှင့် ၎င်း၏ ပြည်သူပြည်သားများအပေါ် သစ္စာစောင့်သိပါမည်ဟု ကတိကဝတ်ပြုထားပါသည်။ ဩစတြေးလျားနိုင်ငံသားများသည် အခြားနိုင်ငံ သို့မဟုတ် နိုင်ငံများ၏ ဥပဒေများက ခွင့်ပြုပါက အခြားနိုင်ငံများ၏ နိုင်ငံသားအဖြစ်လည်း ခံယူထားနိုင်ပါသည်။ ယင်းကို နှစ်နိုင်ငံသား သို့မဟုတ် နိုင်ငံများစွာ၏ နိုင်ငံသား၊ နိုင်ငံသားဖြစ်ခြင်းဟု ခေါ် သည်။ သို့သော်လည်း လူတစ်ဦးသည် အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားဖြစ်နေလျှင်ပင် ဩစတြေးလျားနိုင်ငံအတွင်းရှိ ဩစတြေးလျားနိုင်ငံသားတစ်ယောက်သည် အမြဲတမ်း ဩစတြေးလျားနိုင်ငံ၏ ဥပဒေများကို လိုက်နာရပါမည်။ အချို့ဩစတြေးလျားဥပဒေများကို ဩစတြေးလျားနိုင်ငံသားများအနေနှင့် နိုင်ငံရပ်ခြား၌ ရှိနေလျှင်ပင်လည်း လိုက်နာရန် လိုအပ်ပါသည်။ ဥပမာ - ဤနိုင်ငံတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင်ဖြစ်စေ ဩစတြေးလျားနိုင်ငံသားများအတွက် အသက် 16 နှစ်အောက် ကလေးတစ်ဦးနှင့် လိင်မှုကိစ္စတစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်းသည် ဥပဒေနှင့် မညီညွတ်ပါ။

ဩစတြေးလျား အသိုက်အဝန်းကို ဩစတြေးလျားနိုင်ငံ၏ အကျိုးစီးပွားနှင့် လုံခြုံရေးအား လျော့ပါးစေခြင်းမရှိစေမည့် ကျွန်ုပ်တို့၏ ဘုံတာဝန်ဝတ္တရားများပေါ် အခြေခံထားပါသည်။ ဥပမာ - အစိုးရ၏ တရားဝင်လျှို့ဝှက်ချက်များကို လူမှုမီဒီယာအသုံးပြု၍ မျှဝေခြင်းသည် ဩစတြေးလျားနိုင်ငံ၏ အကျိုးစီးပွားကို လျော့ပါးစေခြင်းဖြစ်သည်။ အလားတူပင် တိုင်းရင်းသား မျိုးနွယ် အသိုက်အဝန်းတစ်ခုအတွင်း မယုံကြည်မှုများနှင့် အကြောက်တရားများ လှုံ့ဆော်ခြင်းသည် ဩစတြေးလျားအသိုက်အဝန်း၏ ဆက်ဆံရေးကို ထိခိုက်စေနိုင်ပါသည်။

ဩစတြေးလျားနိုင်ငံတွင် ကျွန်ုပ်တို့သည် အကြပ်အတည်းကာလများတွင် အတူတကွရှိကြပြီး ကောင်းသည့်အချိန်ရော၊ ဆိုးသည့်အချိန်တွင်ပါ အချင်းချင်းစောင့်ရှောက်ကြပါသည်။ အသက်၊ အိုးအိမ်နှင့် တောရိုင်းတိရစ္ဆာန်များစွာ ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုပါ ဖြစ်စေခဲ့သည့် 2019-20 ဩစတြေးလျားနိုင်ငံ၏ အကြီးအကျယ်ပျက်စီးသော တောမီးလောင်မှုရာသီအတွင်း ယဉ်ကျေးမှုပေါင်းစုံ အသိုက်အဝန်းများ ပူးပေါင်းလျှက် တောမီးကြောင့် ထိခိုက်ခံစားခဲ့ရသူများအား ကူညီရန် ငွေများ၊ အဝတ်အထည်များနှင့် အစားအစာများကို အလှူခံပေးခဲ့ကြသည်။ ဥပမာ - ဗစ်တိုးရီးယားပြည်နယ်ရှိ တရုတ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား အသိုက်အဝန်းများမှ အဖွဲ့ဝင်များသည် ဈေးဝယ်စင်တာများတွင် အလှူခံပေးခြင်းနှင့် ဒေသခံအသိုက်အဝန်း အခမ်းအနားပွဲများမှတစ်ဆင့် ရန်ပုံငွေရှာပေးခြင်းနှင့် ဆစ်ခ်အသိုက်အဝန်းအဖွဲ့ဝင်များက ကွင်းစလန်းပြည်ရှိ အသိုက်အဝန်းများနှင့် မီးသတ်ဝန်ထမ်းများအတွက် ရေဘူးထောင်ပေါင်းများစွာ လှူဒါန်းခဲ့ကြပါသည်။



# နိဂုံး

ကျွန်ုပ်တို့၏ ဒီမိုကရေစီယန္တရားများနှင့် တူညီသော ဩစတြေးလျားစံတန်ဖိုးများသည် ငြိမ်းချမ်းပြီး တည်ငြိမ်သော အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးထားခဲ့သည်။

ကျွန်ုပ်တို့၌ ကြွယ်ဝပြီး အတုမရှိသော ယဉ်ကျေးမှုကို ဝေငှရန်ရှိသည်။ သင်သည် ဩစတြေးလျားနိုင်ငံသားတစ်ဦးအဖြစ် ကျွန်ုပ်တို့နိုင်ငံတော်သမိုင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ အနာဂတ်ကို ပါဝင်ကူညီပံ့ပိုးလိမ့်မည်ဖြစ်သည်။ ဩစတြေးလျားနိုင်ငံတော်သည် သင့်အား ကြိုဆိုပါသည်။နိုင်ငံသားဖြစ်မှုသည် ကျွန်ုပ်တို့၏ ဘုံနှောင်ကြိုးပင်ဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ စာမေးပွဲကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စာမျက်နှာ 44 နှင့် 46 တို့တွင်ရှိကြသော အစမ်းလေ့ကျင့်ရေးမေးခွန်းများကို ဖြေကြည့်ပါ

# စစ်မေးမည့်အပိုင်း စကားလုံးအဓိပ္ပါယ် ဖွင့်ဆိုချက်

### အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများ

အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများသည် ဩစတြေးလျား ကုန်းမြေ၌ မူလကနေထိုင်ခဲ့ကြသူများ ဖြစ်သည်။
*ဩစတြေးလျားနိုင်ငံ၏ အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများသည် ဩစတြေးလျားနိုင်ငံ လူဦးရေ၏ 3 ရာခိုင်နှုန်းနီးပါးရှိသည်။*

### ဩစတြေးလျားနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်

ခွဲခြားဆက်ဆံမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သည့် တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးသည့် သီးခြားကော်မရှင်တစ်ခု
*လူမျိုးရေးခွဲခြားမှု ဖြစ်ရပ်များကို ဩစတြေးလျားလူ့အခွင့်အရေးဆိုင်ရာ ကောင်မရှင်သို့ သတင်းပေးပို့နိုင်သည်။*

### ဩစတြေးလျား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း

အစိုးရဌာနများနှင့် ၎င်းတို့မှခန့်အပ်ထားသူများ
*Paul သည် ဩစတြေးလျား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် ဩစတြေးလျား ဝန်ဆောင်မှုများ (Services Australia) ဝန်ထမ်းတစ်ဦးအဖြစ် အလုပ်ရခဲ့သည်။*

### လူထုဆူပူမှု

ကြီးမားသည့် လူအရေအတွက်တစ်ခုက အများအားဖြင့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် မူဝါဒများကို ကန့်ကွက်ဆန္ဒပြခြင်းနှင့် ရန်းရင်းဆန်ခတ်ဖြစ်ခြင်း
*အစိုးရက အများမကြိုက်သော တရားဥပဒေများကို ထုတ်ပြန်သည့်အတွက် လူထုအုံကြွမှု ပေါ်ပေါက်ခဲ့သည်။*

### ညွန့်ပေါင်းအဖွဲ့

အများအားဖြင့် အစိုးရ သို့မဟုတ် အတိုက်အခံကို ဖွဲ့စည်းရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော နိုင်ငံရေး အဖွဲ့အစည်းများ၏ ပေါင်းစည်းမှု
*ရွေးကောက်ပွဲပြီးဆုံးသည့်အခါ အောက်လွှတ်တော်တွင် မည်သည့်နိုင်ငံရေး အဖွဲ့အစည်းမျှ အများစုမဟုတ်သဖြင့် တူညီသော သဘောတရားများရှိကြသည့် နိုင်ငံရေးအဖွဲ့အစည်းနှစ်ခုတို့က ညွန့်ပေါင်းအဖွဲ့အဖြစ် ဖွဲ့စည်းကြသည်။*

### ကော်မရှင်

တရားဝင်တာဝန်ရှိကြသော လူတစ်စု
*တစ်သီးပုဂ္ဂလ ကော်မရှင်တစ်ခုသည် ရွေးကောက်ပွဲများကို ကျင်းပသည်။*

### ဖွဲ့စည်းပုံအခြေခံဥပဒေ

အစိုးရမှ လိုက်နာရမည့် ဩစတြေးလျားနိုင်ငံ၏ အမြင့်ဆုံးဥပဒေ
*ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပြဋ္ဌာန်းထားသည်။*

### စည်းမျဉ်းခံဘုရင်စနစ်

တိုင်းပြည်တစ်ခုတွင် ဘုရင် သို့မဟုတ် ဘုရင်မတစ်ပါးက အဓိပတိဖြစ်ပြီး ထိုသူ၏ အာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကန့်သတ်ထားသည်
*ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗြိတိန်၏ ဘုရင် သို့မဟုတ် ဘုရင်မအား ကျွန်ုပ်တို့၏ အဓိပတိအဖြစ်သတ်မှတ်ပြီး ဩစတြေးလျား ဓနသဟာယကို စည်းမျဉ်းခံဘုရင်စနစ်တစ်ခုအဖြစ် တည်ထောင်ခဲ့သည်။*

### တရားရုံး

တရားသူကြီး သို့မဟုတ် အောက်ရုံးတရားသူကြီးတစ်ဦးက တရားဥပဒေအမှုများ ကြားနာသည့်နေရာ
*လူများ ဥပဒေကို ချိုးဖောက်ကြသည့်အခါ တရားရုံးသို့ တက်ရနိုင်သည်*

### ပြစ်မှုစစ်ဆေးခြင်း

ပြစ်မှုတစ်ရပ်နှင့်ပတ်သက်သည့် အချက်အလက်များကို တရားခွင့်၌ ကြားနာပြီး သူတစ်ဦးတစ်ယောက်သည် အပြစ်ရှိခြင်း သို့မဟုတ် အပြစ်ကင်းမဲ့ခြင်းကို ဆုံးဖြတ်မှု
*ပြစ်မှုကို စစ်ဆေးပြီးဆုံးသောအခါ ဘဏ်ဓားပြအား အကျဉ်းထောင်သို့ ပို့လိုက်သည်။*

### ဆိုက်ဘာအလွဲသုံးစားမှု

တစ်စုံတစ်ယောက်အား ထိခိုက်စေမည့်ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ရန်၊ ရန်စရန်၊ စော်ကားရန် သို့မဟုတ် အရှက်ခွဲရန် နည်းပညာကို အသုံးပြုသည့် အပြုအမူ
*ဆိုက်ဘာအလွဲသုံးစားမှုအမျိုးအစားများစွာသည် ဩစတြေးလျားနိုင်ငံရှိ ဥပဒေနှင့်ဆန့်ကျင်ပြီး ထိုသို့ဖြစ်ပေါ်သော လူမှုမီဒီယာ ပလက်ဖောင်းကဲ့သို့ အွန်လိုင်းဝန်ဆောင်မှုနှင့် ရဲဌာနသို့ သတင်းပို့သင့်သည်။*

### ဒီမိုကရေစီစနစ်

ရွေးကောက်ခံ ကိုယ်စားလှယ်များမှတစ်ဆင့် လူများတို့၏ အုပ်ချုပ်မှု
*ဂရေ့စ် (Grace) သည် သူမက လွှတ်တော်ကိုယ်စားလှယ်အား မဲထည့်ရွေးချယ်နိုင်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးရာ အရပ်၌ နေထိုင်ရမှုကို ဝမ်းသာအားရဖြစ်သည်။*

### အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု
ပါတနာတစ်ဦးအား ကြောက်လန့်စေခြင်း သို့မဟုတ် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်ခြင်းဖြင့် ထိန်းချုပ်ရန် ရည်ရွယ်သည့် အပြုအမူ သို့မဟုတ် ခြိမ်းခြောက်မှု။ အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှု လက်မခံနိုင်သည့်အပြင် ဥပဒေနှင့် ဆန့်ကျင်နေသည်။
*ဩစတြေးလျားနိုင်ငံတွင် အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုများမှာ ဥပဒေနှင့် ဆန့်ကျင်ပြီး ရဲကိုသတင်းပို့သင့်ပါသည်။*

### မူးယစ်ကုန်ကူးခြင်း
မူးယစ်ဆေးများကို တရားမဝင်ရောင်းချရန် သယ်ယူခြင်း သို့မဟုတ် ဝယ်ယူခြင်း
*ဂျက်စ် (Jess) ကို မူးယစ်ဆေး ကုန်ကူးခြင်းအတွက် အကျဉ်းထောင်သို့ ပို့သည်။*

### ရွေးကောက်ပွဲ
နိုင်ငံသားများက ၎င်းတို့အား လွှတ်တော်၌ ကိုယ်စားပြုမည့်သူတစ်ဦးကို ရွေးချယ်သည့် ဖြစ်ရပ်
*အသက် 18 နှစ် သို့မဟုတ် ၎င်းအထက်ရှိကြသော ဩစတြေးလျားနိုင်ငံသားများသည် ရွေးကောက်ပွဲတစ်ခု၌ မဲထည့်ကြရသည်။*

### ရွေးကောက်ပွဲအမည်စာရင်း
ရွေးကောက်ပွဲတစ်ခု သို့မဟုတ် ဆန္ဒခံယူပွဲတစ်ခု၌ မဲထည့်ပိုင်ခွင့်ရှိကြသူများတို့၏ အမည်စာရင်း
*ဂျယ်န် (Jan) သည် မဲရုံသို့ရောက်လာသောအခါ အရာရှိသည် သူမ၏ အမည်ကိုရွေးကောက်ပွဲ အမည်စာရင်း၌ ကြည့်ရှုသည်။*

### မဲဆန္ဒနယ်
အောက်လွှတ်တော်တွင် နိုင်ငံရေးသမားများကို ရွေးကောက်ရန် မဲပေးရမည့် မဲဆန္ဒရှင်များဖြင့် ဖွဲ့စည်းထားသည့် ခရိုင်များ
*မဲဆန္ဒနယ်များကို ဆန္ဒမဲပေးရမည့် ခရိုင်များ၊ ဌာနများ သို့မဟုတ် နေရာများဟု ခေါ်သည်။*

### ဥပဒေ၏ အမိန့်အာဏာတည်စေမှု
လူများတရားဥပဒေ လိုက်နာကြစေရန် သေချာစေခြင်း
*ရဲတပ်ဖွဲ့သည် ဥပဒေ၏ အမိန့်အာဏာကို တည်စေပြီး အေးချမ်းမှုကို ထိန်းသိမ်းသည်။*

### တန်းတူညီမှု
အဆင့်အတန်းတူညီခြင်း
*ဩစတြေးလျားနိုင်ငံသားအားလုံးသည် လူအားလုံး၏ တန်းတူညီမှုကို ယုံကြည်သည်။*

### အုပ်ချုပ်မှုအာဏာ
ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ အာဏာသုံးခုအနက် တစ်ခုဖြစ်သော တရားဥပဒေများကို စီမံအုပ်ချုပ်သည့် အခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်
*ဩစတြေးလျားနိုင်ငံတော်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဘုရင်ခံချုပ်တို့ထံတွင် နိုင်ငံတော်လွှတ်တော်က ပြဋ္ဌာန်းသော တရားဥပဒေများအား စီမံခန့်ခွဲရန် အုပ်ချုပ်မှုအာဏာ ရှိကြသည်။*

### တရားမျှတသော အခွင့်အရေး
လူတိုင်းကို မည်သို့သော နောက်ခံများရှိသည်ဖြစ်စေ ဘဝအောင်မြင်မှုရရန် တူညီသော အခွင့်အလမ်း ပေးရပါမည်
*ဩစတြေးလျားနိုင်ငံတွင် လူတိုင်းသည် 'တရားမျှတသော အခွင့်အရေး' နှင့် ထိုက်တန်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။*

### ပြည်ထောင်စု
ကိုလိုနီများက ၎င်းတို့၏ အခွင့်အာဏာများအချို့ကို ဆက်လက်ချုပ်ကိုင်ထားလျက် တစ်နိုင်ငံတည်းဖြစ်လာရန် ပူးပေါင်းကြခြင်း
*1901 ခုနှစ်၌ ကိုလိုနီများသည် ဓနသဟာယ ဩစတြေးလျားနိုင်ငံတော်ဟု ခေါ်သည့် ပြည်ထောင်စုတစ်ခုအဖြစ် ပေါင်းစည်းကြသည်။*

### ပထမသင်္ဘောအုပ်စု (First Fleet)
နယူးဆောက်သ်ဝေးလ်စ်တွင် အကျဉ်းသားစခန်းကို တည်ထောင်ရန် ကပ္ပတိန် အာသာ ဖိလစ်ပ် (Captain Arthur Phillip) ခေါင်းဆောင်၍ ဗြိတိန်မှ ထွက်ခွာလာခဲ့သော သင်္ဘော (11) စီး၏ အုပ်စု
*ပထမသင်္ဘောအုပ်စုသည် 1778 ခုနှစ် ဇန်နဝါရီလ 26 ရက်နေ့တွင် Sydney Cove ၌ ဆိုက်ကပ်ခဲ့သည်။*

### ပန်းအမှတ်တံဆိပ်
နိုင်ငံတော်ပန်း
*ဩစတြေးလျားနိုင်ငံတော်၏ ပန်း အမှတ်တံဆိပ်သည် 'ဂိုးလ်ဒန် ဝပ်တလ်' ဖြစ်သည်။*

### အတင်းအကြပ်လက်ထပ်စေခြင်း
လက်ထပ်မည့်သူ တစ်ဦး သို့မဟုတ် နှစ်ဦးလုံး လွတ်လပ်စွာရွေးချယ်ခွင့်မရှိသော လက်ထပ်ခြင်း
*သူမသည် အတင်းအကြပ်လက်ထပ်စေခြင်းအတွက် မည်သည့်အခါမှ စိတ်မချမ်းသာခဲ့သဖြင့် အမြဲထားပစ်ချင်ခဲ့သည်။*

### ယခုအချိန်မှ ရှေ့လျှောက်
ယခုအချိန်မှနှင့် အနာဂတ်တွင်
*နိုင်ငံသားခံယူပွဲအခမ်းအနား၌ သင်သည် ဩစတြေးလျားနိုင်ငံတော်အပေါ် ယခုအချိန်မှ ရှေ့လျှောက်ပြီး သစ္စာရှိပါမည်ဟု ကတိပြုခဲ့သည်။*

### အထင်ကရအမှတ်အသား
လူသိများ အမှတ်အသားတစ်ခု
*Opera House သည် ဆစ်ဒနီမြို့၏ ထင်ပေါ်ကျော်ကြားသော အထင်ကရ အမှတ်အသားတစ်ခုဖြစ်သည်။*

### ရှေးဦးတိုင်းရင်းသား လူမျိုးများ
ဩစတြေးလျားနိုင်ငံ၏ အက်ဘော်ရစ်ဂျစ်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းမှ ကျွန်းသားများ
*ရှေးဦးတိုင်းရင်းသား ဩစတြေးလျားလူမျိုးများသည် ဤနိုင်ငံ၏ ပထမဆုံးလူမျိုးများ ဖြစ်ကြသည်။*

### ပေါင်းစည်းရေး
ရွှေ့ပြောင်းနေထိုင်သူများ ၎င်းတို့၏ ပြောင်းလဲနေသည့် လူ့ဘောင်အသိုက်အဝန်းအသစ်တွင် ပါဝင်နိုင်ရန်နှင့် ဖြည့်ဆည်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေသည့် လုပ်ငန်းစဉ်
*အချိန်ကြာလာသည်နှင့်အမျှ ရွှေ့ပြောင်းနေထိုင်သူများသည် ဩစတြေးလျားနှင့် ဒေသခံအသိုက်အဝန်းအတွင်း ၎င်းတို့၏ ပေါင်းစည်းမှုမှ အကျိုးအမြတ်ရရှိလာကြသည်။*

### တရားစီရင်ရေးအာဏာ
ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အာဏာသုံးခုအနက် တစ်ခုဖြစ်သော တရားဥပဒေများကို ကျင့်သုံးရန် အနက်အဓိပ္ပါယ် ဖွင့်ရန်တို့အတွက် အာဏာနှင့်လုပ်ပိုင်ခွင့်
*ဩစတြေးလျားတရားရုံးများ၌ တရားစီရင်ရေးအာဏာရှိသည်။*

### ဥပဒေပြုမှုအာဏာ
ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အာဏာသုံးခုအနက် တစ်ခုဖြစ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်နှင့် ပြုပြင်ပြောင်းလဲရန်တို့တွက် အာဏာနှင့်လုပ်ပိုင်ခွင့်
*ဖွဲ့စည်းပုံအခြေခံအရ လွှတ်တော်၌ ဥပဒေပြုမှုအာဏာရှိသည်။*

### လွတ်လပ်မှုများ (လွတ်လပ်မှု)
ကိုယ်ပိုင်လွတ်လပ်မှုနှင့် အချုပ်အချယ်ကင်းမှု
*ကျွန်ုပ်တို့၏ ဒီမိုကရက်တစ်လူ့ဘောင်တွင် လူများ၌ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် အဖွဲ့အစည်းဖွဲ့စည်းခြင်း၏ လွတ်လပ်ခွင့်များရှိကြသည်။ ဤလွတ်လပ်ခွင့်များကို ကျွန်ုပ်တို့ တန်ဖိုးထားကြသည်။*

### အောက်ရုံးတရားသူကြီး
အဆင့်နိမ့်တရားရုံးတစ်ခု၏ တရားသူကြီး (ခေါင်းဆောင်)
*အောက်ရုံးတရားသူကြီးသည် ဓားပြအား အပြစ်ရှိကြောင်း တွေ့ရှိပြီး အကျဉ်းထောင်သို့ ပို့လိုက်သည်။*

### အပေါင်းအသင်းစိတ်ဓာတ် (mateship)
ခက်ခဲမှုရှိသည့် အခိုက်အခါများ၌ အထူးအားဖြင့် အခြားသူများအား ကူညီခြင်းနှင့် အခြားသူများထံမှ အကူအညီရရှိခြင်း
*ကျွန်ုပ်ကား ပျက်သွားသောအခါ အခြားကားမောင်းသူတို့က အပေါင်းအသင်းစိတ်ဓာတ်ဖြင့် ကားကို ကူညီတွန်းပေးကြသည်။*

### နိုင်ငံတော်သီချင်း
နိုင်ငံတော်တေးသီချင်း
*ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ 'Advance Australia Fair' ဖြစ်သည်။*

### ပါလီမန်ဒီမိုကရေစီစနစ်
နိုင်ငံသားများက လွှတ်တော်၌ ကိုယ်စားပြုကြမည့်သူများအား ပုံမှန်မဲဆန္ဒထည့်ခြင်းကို အခြေပြုထားသော အစိုးရစနစ်တစ်ခု
*ပါလီမန်ဒီမိုကရေစီစနစ်တစ်ခု၌ လူများက ၎င်းတို့၏ ကိုယ်စားလှယ်များအတွက် မဲဆန္ဒထည့်ကြသည်။*

### နိုင်ငံရေးအဖွဲ့အစည်း
နိုင်ငံတစ်ခုကို မည်သို့အုပ်ချုပ်ရမည်ဟူသော အတွေးအခေါ် ချင်းတူပြီး ရွေးကောက်ခံရရန် အမြိုကြိုးစားသူ အုပ်စုတစ်စု
*နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များသည် ပုံမှန်တွေ့ဆုံကြသည် ဥပမာ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး တိုးတက်မှုများအတွက် ဆွေးနွေးကြခြင်း။*

### လူမျိုးရေးခွဲခြားမှု
တစ်စုံတစ်ယောက်အား ၎င်းတို့၏ လူမျိုး၊ အသားရောင်၊ နိုင်ငံသား သို့မဟုတ် တိုင်းရင်းသား ဇာစ်မြစ်ကြောင့် မလိုမုန်းတီးခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ နှောင့်ယှက်စော်ကားခြင်း သို့မဟုတ် အမုန်းစကားပြောခြင်း
*ဩစတြေးလျားနိုင်ငံတွင် လူမျိုးရေးခွဲခြားမှုသည် ဥပဒေနှင့်ဆန့်ကျင်ပြီး ရဲကို သတင်းပို့သင့်ပါသည်။ ဩစတြေးလျားနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်ထံသို့လည်း တိုင်ကြားနိုင်ပါသည်။*

### ဆန္ဒခံယူပွဲ
ဩစတြေးလျားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဆိုတင်ပြုပြင်ပြောင်းလဲမှုတစ်ခုအတွက် မဲဆန္ဒရှင်များက မဲထည့်ကြခြင်း
*1967 ခုနှစ် ဆန္ဒခံယူပွဲတစ်ခုတွင် သန်းခေါင်စာရင်း၌ ဩစတြေးလျားနိုင်ငံ၏ ရှေးဦးတိုင်းရင်းသား လူမျိုးနွယ်တို့အား ထည့်သွင်းရေတွက်ရန် လူထုက မဲဆန္ဒပေးကြသည်။*

### ကိုယ်စားလှယ်
အခြားသူများ၏ ကိုယ်စား လုပ်ကိုင်ဆောင်ရွက်သူ သို့မဟုတ် ပြောဆိုသူ
*ကျွန်ုပ်၏ မြို့နယ်ကောင်စီကိုယ်စားလှယ်သည် ကျွန်ုပ်၏ အကြံအစည်ကို သဘောကျ နှစ်ခြိုက်ပြီး ၎င်းကို ကောင်စီအစည်းအဝေး၌ တင်ပြသည်။*

### အလေးထားမှု
တစ်စုံတစ်ဦးအား လူသားတစ်ဦးအနေဖြင့်လည်းကောင်း သို့မဟုတ် ၎င်းတို့ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အတွက်လည်းကောင်း စာနာကြောင်း ပြသခြင်း
*အမ်မလီ (Emily) သည် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ခံယူမည့် သူမ၏ ဆုံးဖြတ်ချက်အား သူမမိသားစုများက အလေးထားပေးနိုင်သည့်အတွက် ဝမ်းမြောက်ကျေနပ်ခဲ့သည်။*

### ဥပဒေစိုးမိုးမှု

နိုင်ငံသားများနှင့် အစိုးရအပါအဝင် ပြည်သူများအားလုံး ဥပဒေကို လိုက်နာခြင်း

*ဝန်ကြီးချုပ်အပါအဝင် ဩစတြေးလျားနိုင်ငံရှိလူအားလုံးသည် ဥပဒေစိုးမိုးမှုအောက်ရှိ ဩစတြေးလျားဥပဒေအားလုံးကို လိုက်နာကြရမည်။*

### ဩစတြေးလျားဝန်ဆောင်မှုများ

မက်ဒီကဲ (Medicare)၊ စင်တာလင့် (Centerlink) နှင့် ကလေးထောက်ပံ့ရေး (Child Support) တို့မှတစ်ဆင့် ကျန်းမာရေး၊ လူမှုရေးနှင့် လူမှုဖူလုံရေး ငွေပေးချေမှုများနှင့် ဝန်ဆောင်မှုမျိုးစုံပေးနေသော ဩစတြေးလျားအစိုးရ ဌာနတစ်ခု

*ဩစတြေးလျားဝန်ဆောင်မှုများသည် စင်တာလင့်နှင့် အခြားဝန်ဆောင်မှုများမှတစ်ဆင့် ငွေပေးချေမှုများပေးရန် ပြုလုပ်ပေးသည်။*

### လျှို့ဝှက်မဲ

လူများက တစ်သီးတစ်သန့် သိုသိပ်စွာ မဲထည့်ကြသော မဲပေးသည့်စနစ်၊ သို့အားဖြင့် ထိုသူများအား ပုံစံတစ်မျိုးမျိုးအရ မဲထည့်ကြရန် မည်သူကမျှ တစ်နည်းနည်းနှင့် ဆွယ်နိုင်ခြင်း သို့မဟုတ် ဖိအားပေးနိုင်ခြင်း မရှိတော့ချေ

*လျှို့ဝှက်မဲထည့်ရာ၌ သင်၏မဲကို သင်ကရေးသားနေခိုက် မည်သူကမှ သင့်အား မကြည့်ပါ။*

### လောကီသီးသန့်

ဘာသာရေးမှ သီးခြားဖြစ်ခြင်း

*လောကီသီးသန့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု၌ တရားဝင်ဘာသာဟူ၍ မရှိပေ။*

### မိမိဘာသာ ဖူလုံရပ်တည်နိုင်ခြင်း

မိမိ၏ လိုအပ်ချက်များကို အခြားသူများ၏ အကူအညီမပါဘဲ ဖြည့်စွမ်းနိုင်ခြင်း

*အလုပ်တစ်ခုရှိခြင်းသည် သူသည် သူ့ကိုယ်ပိုင်အစားအစာနှင့် သူ့ကိုယ်ပိုင် အိမ်ငှားခပေးနိုင်ခဲ့သည်ဟူသည့် သဘောဖြစ်သည်။ သူသည် မိမိဘာသာဖူလုံရပ်တည်နိုင်ခဲ့သည်။*

### မ၊ တည်မှု

တည်ဆောက်ခြင်း၊ တည်ထောင်ခြင်း၊ အစပြုခြင်း

*ဘုရင်ခံ ဖိလစ်ပ်သည် နယူးဆောက်သ်ဝေးလ်စ်၌ ပထမဆုံး ကိုလိုနီကို စတင်ထူထောင်ခဲ့သည်။*

### မြို့နယ်

နေရာအလိုက် အစိုးရက အုပ်ချုပ်ရေးရာအရ သတ်မှတ်ထားသော နယ်မြေတစ်ခု

*ကျွန်ုပ်တို့မြို့နယ်ရှိ လမ်းမများသည် အလွန်ဘေးကင်းသည်။*

### လူမှုဖူလုံရေး

အလုပ်လက်မဲ့များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် အခြားသော လိုအပ်မှုရှိနေကြသူများအား ကူညီထောက်ပံ့ရန် အစိုးရကပေးသော အငြိမ်းစားလစာ သို့မဟုတ် ထောက်ပံ့ကြေး

*ထရန် (Trang) အလုပ်ပြုတ်သွားသည့်အခါ သူမ လူမှုဖူလုံရေး ထောက်ပံ့ကြေးကို လျှောက်ခဲ့ရသည်။*

### ဩစတြေးလျားနိုင်ငံ အခွန်ရုံး (ATO)

ဩစတြေးလျားနိုင်ငံသားများအတွက် ပံ့ပိုးပေးပြီး ရန်ပုံငွေဝန်ဆောင်မှုများပေးသည့် အခွန်နှင့် သက်ပြည့်အငြိမ်းစားလစာတို့ကို စီမံခန့်ခွဲသည့် ဩစတြေးလျားအစိုးရဌာနတစ်ခု

*နှစ်စဉ် ဩစတြေးလျားနိုင်ငံသားအများစုသည် ဩစတြေးလျားနိုင်ငံ အခွန်ရုံးသို့ အခွန်စည်းကြပ်ရန် ဝင်ငွေစာရင်းတစ်စောင် တင်သွင်းရသည်။*

### စံတန်ဖိုးများ

လူတစ်ဦးသည် မည်သည်ကို မှန်သည်၊ မှားသည်နှင့် အမျိုးမျိုးသော အခြေအနေများတွင် မည်သို့ပြုမူရမည်ကို ဆုံးဖြတ်ရန် ကူညီပေးသော အခြေခံစည်းမျဉ်းများ

*ဩစတြေးလျားနိုင်ငံတွင် ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများဟု ကျွန်ုပ်တို့ခေါ်ကြသည့် ဘုံတူညီသော စံတန်ဖိုးအစုတစ်ခုရှိသည်။*

### စေတနာ့ဝန်ထမ်း

ငွေကြေးကို မမျှော်မှန်းဘဲ လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် မိမိ၏အချိန်ကို ပေးသူ

*ရာဇာ (RAZA) သည် လူအများအား ၎င်းတို့၏နေအိမ်၌ အင်္ဂလိပ်စာသင်ပေးသော စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်သည်။*

# လေ့ကျင့်ရေးအစမ်းမေးခွန်းများ

## ဩစတြေးလျားနိုင်ငံတော်နှင့် ပြည်သူပြည်သားများ

1. အန်းဇက်က် နေ့၌ ကျွန်ုပ်တို့ အဘယ်ကို သတိရကြသနည်း။
   a. ပထမကမ္ဘာ့စစ်ကြီးဖြစ်ချိန်အတွင်း ဩစတြေးလျားနှင့် နယူးဇီလန် တပ်မကြီး၊ တူရကီ ဂလစ်ပလီကမ်းခြေ၌ ဆင်းသက်ကြခြင်း
   b. ဗြိတိန်မှ လွတ်လပ်စွာ လာရောက်အခြေချသူများတို့၏ ပထမအသုတ် ဆိုက်ရောက်လာခြင်း
   c. Sydney Cove ၌ ပထမသင်္ဘောအုပ်စု ဆိုက်ရောက်လာခြင်း
2. ဩစတြေးလျား အက်ဘော်ရစ်ဂျစ်နလ်အလံ၏ အရောင်များကား အဘယ်နည်း။
   a. အနက်၊ အနီနှင့် အဝါ
   b. အစိမ်း၊ အဖြူနှင့် အနက်
   c. အပြာ၊ အဖြူနှင့် အစိမ်း
3. Commonwealth Coat of Arms (ဓနသဟာယတံဆိပ်အမှတ်အသား) ဆိုသည်မှာ အဘယ်နည်း။
   a. နိုင်ငံတော်သီချင်း
   b. ဩစတြေးလျား၏ နိုင်ငံတော်ပန်း
   c. ဓနသဟာယ၏ ပိုင်ဆိုင်မှုကို ဖော်ညွှန်းသည့် ဩစတြေးလျားနိုင်ငံ၏ တရားဝင် သင်္ကေတ
4. ဩစတြေးလျားနိုင်ငံတော်၌ 1901 ခုနှစ်၊ ဇန်နဝါရီ 1 ရက်နေ့က ဘာဖြစ်ခဲ့သနည်း။
   a. ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲတစ်ခု၌ ပြုပြင်ပြောင်းလဲခဲ့သည်
   b. လက်အောက်ခံဒေသများသည် ဩစတြေးလျား ဓနသဟာယ (Commonwealth of Australia) ဟုခေါ်သော ပြည်နယ်များ၏ ပြည်ထောင်စုအဖြစ်ပေါင်းစည်းခဲ့ကြသည်
   c. ဩစတြေးလျားနှင့် နယူးဇီလန်တပ်မကြီးအား ဖွဲ့စည်းခဲ့သည်
5. ဩစတြေးလျားနိုင်ငံ၏ မြို့တော်ကို ဖော်ပြပါ။
   a. Brisbane
   b. Canberra
   c. Perth

## ဩစတြေးလျားနိုင်ငံတော်၏ ဒီမိုကရက်တစ် ယုံကြည်ချက်များ၊ အခွင့်အရေးများနှင့် လွတ်လပ်မှုများ

6. အောက်ပါ၌ မည်သည့်အရာသည် လွတ်လပ်စွာ ပြောဆိုခွင့်၏ ဥပမာတစ်ခုဖြစ်သနည်း။
   a. လူများသည် အစိုးရ၏ ဆုံးဖြတ်ချက်များကို ငြိမ်းချမ်းစွာ ဆန္ဒပြနိုင်သည်
   b. အမျိုးသားများနှင့် အမျိုးသမီးများကို တရားရုံးတစ်ခုဝယ် တန်းတူဆက်ဆံသည်
   c. ဩစတြေးလျားပြည်သားများသည် ဘာသာအယူဝါဒတစ်ခုခုကို မယုံကြည်ရန် လွတ်လပ်မှုရှိကြသည်
7. ဩစတြေးလျားနိုင်ငံရှိ အစိုးရနှင့်ပတ်သက်၍ အောက်ပါမည်သည့်ရေးသားချက်မှာ မှန်ကန်သနည်း။
   a. အစိုးရသည် အချို့သော ဘာသာအယူဝါဒများကို ခွင့်မပြုချေ
   b. ဩစတြေးလျားနိုင်ငံအစိုးရသည် လောကီသီးသန့်ဖြစ်သည်
   c. ဘာသာရေး ဥပဒေများကို လွှတ်တော်က ပြဌာန်းသည်

8. အောက်ပါ၌ မည်သည့်အရာသည် တန်းတူညီမျှ၏ ဥပမာတစ်ခုဖြစ်သနည်း။

a. လူတိုင်းသည် ဘာသာတစ်ခုတည်းကိုသာ ယုံကြည်ကိုးကွယ်ကြသည်

b. အမျိုးသားများနှင့် အမျိုးသမီးများ အခွင့်အရေးချင်း တူညီကြသည်

c. လူတိုင်း နိုင်ငံရေးအဖွဲ့ အစည်းတစ်ခုတည်း၌သာ အဖွဲ့ဝင်ကြသည်

9. အောက်ပါမည်သည့်အရာသည် အသက် 18 နှစ် သို့မဟုတ် ၎င်း၏အထက်ရှိကြသော ဩစတြေးလျားနိုင်ငံသားများတို့၏ တာဝန်တစ်ခုဖြစ်သနည်း။

a. ရပ်ကွက်ကောင်စီ အစည်းအဝေးများသို့ တက်ရောက်ကြရန်

b. ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲတစ်ခုခု၌ မဲထည့်ရန်

c. သက်တမ်းရှိဆဲ ဩစတြေးလျားနိုင်ငံကူးလက်မှတ်တစ်စောင်ရှိရန်

10. နိုင်ငံကူးလက်မှတ်များနှင့်ပတ်သက်၍ အောက်ပါမည်သည့်ရေးသားချက်မှာ မှန်ကန်သနည်း။

a. ဩစတြေးလျားနိုင်ငံသားများသည် ဩစတြေးလျားနိုင်ငံကူးလက်မှတ်ကို လျှောက်ယူနိုင်ကြသည်

b. အမြဲတမ်းနေထိုင်ခွင့်ရထားကြသူများသည် ဩစတြေးလျားနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်နိုင်ကြသည်

c. ဩစတြေးလျားနိုင်ငံသားများသည် ဩစတြေးလျားသို့ ပြန်လည်ဝင်ရောက်ရန် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့် (ဗီဇာ) တို့ကို လိုအပ်ကြသည်

## ဩစတြေးလျားနိုင်ငံတော်ရှိ အစိုးရနှင့် တရားဥပဒေ

11. ဩစတြေးလျားနိုင်ငံတော် ရွေးကောက်ပွဲများ၌ မဲထည့်ခြင်းနှင့်ပတ်သက်၍ အောက်ပါမည်သည့်ရေးသားချက်မှာ မှန်ကန်သနည်း။

a. လူများသည် မည်သည့်ကိုယ်စားလှယ်လောင်းအတွက်မဆို လွတ်လပ်စွာနှင့် လုံခြုံစွာ မဲထည့်နိုင်ကြသည်

b. မဲထည့်ခြင်းသည် လက်များထောင်ပြခြင်းအရဖြစ်သည်

c. လူများသည် မိမိတို့၏ မဲစာရွက်များပေါ်၌ မိမိတို့၏ အမည်များကို ရေးသွင်းကြရသည်။

12. ဩစတြေးလျားနိုင်ငံတော် အစိုးရအတွက် စည်းမျဉ်းများကို ချမှတ်ထားသော တရားဝင်စာရွက်စာတမ်းအမည်ကား အဘယ်နည်း။

a. ဩစတြေးလျားနိုင်ငံတော် ပြည်ထောင်စု

b. ဓနသဟာယ ဩစတြေးလျားနိုင်ငံတော်

c. ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ

13. ဆန္ဒခံယူပွဲတစ်ခုဆိုသည်မှာ အဘယ်နည်း။

a. အစိုးရကို ပြောင်းလဲရန်မဲဆန္ဒ

b. ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် မဲဆန္ဒ

c. ဝန်ကြီးချုပ်ကို ပြောင်းလဲရန် မဲဆန္ဒ

14. အစိုးရ၏ မည်သည့်အာဏာပိုင်အဖွဲ့ အစည်း၌ တရားဥပဒေများကို အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် ကျင့်သုံးရန် အာဏာရှိသနည်း။

a. ဥပဒေပြုမှု

b. အုပ်ချုပ်မှု

c. တရားစီရင်ရေး

15. အောက်ပါ၌ မည်သည်မှာ ဘုရင်ခံချုပ်၏ ကဏ္ဍဖြစ်သနည်း။

a. ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်ခြင်း

b. ဩစတြေးလျားနိုင်ငံလွှတ်တော်က အတည်ပြုပေးသည့် ဥပဒေမူကြမ်းများကို လက်မှတ်ရေးထိုးခြင်း

c. နိုင်ငံတော်၏ အဓိပတိကို ခန့်အပ်ခြင်း

## ဩစတြေးလျားစံတန်ဖိုးများ

16. ဤဖော်ပြချက်များအနက် မည်သည်မှာ လွတ်လပ်စွာ ထုတ်ဖော်နိုင်ခွင့်နှင့်ပတ်သက်သည့် ဩစတြေးလျားနိုင်ငံ၏ စံတန်ဖိုးများကို အကောင်းဆုံးထင်ဟပ်နေသနည်း။

   a. လူတိုင်းသည် ဥပဒေဘောင်အတွင်းမှ မိမိတို့၏ ထင်မြင်ယူဆချက်များကို ငြိမ်းချမ်းစွာ ထုတ်ဖော်ပြနိုင်သည်

   b. ကျွန်ုပ်နှင့်အမြင်မတူသူများသည် နှုတ်ပိတ်ထားရန် လိုအပ်သည်

   c. အတည်ပြုထားသော အကြောင်းအရာများသာ ဆွေးနွေးနိုင်သည်

17. ဩစတြေးလျားနိုင်ငံတွင် နေထိုင်သူများသည် အင်္ဂလိပ်ဘာသာစကား သင်ယူရန် ကြိုးပမ်းသင့်ပါသလား။

   a. ဩစတြေးလျားနိုင်ငံရှိပြည်သူများသည် ၎င်းတို့၏ ရပ်ကွက်ဝန်းကျင်တွင် အပြောအများဆုံးမည်သည့်ဘာသာစကားကိုသာ ပြောဆိုသင့်သည်

   b. ဩစတြေးလျားနိုင်ငံတွင် ထူးခြားသည့် ဘာသာစကားတစ်ခုခုကို လေ့လာရန် မျှော်လင့်ချက်မရှိပါ။

   c. အင်္ဂလိပ်ဘာသာစကားသည် ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်ဘာသာစကားဖြစ်ပြီး ၎င်းက ပညာရေး၊ အလုပ်အကိုင်တစ်ခုရရှိရန်နှင့် အသိုက်အဝန်းထဲသို့ ပေါင်းစပ်ဝင်ရောက်နိုင်ရန် ကူညီပေးသည်

18. ဩစတြေးလျားနိုင်ငံတွင် သင် စော်ကားခံရလျှင် လူတစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို အကြမ်းဖက်ရန် သင် တိုက်တွန်းနိုင်ပါသလား။

   a. တိုက်တွန်းနိုင်သည်၊ သင် အဆိုပါအကြမ်းဖက်မှုကို လုပ်ဆောင်ရန် ရည်ရွယ်ခြင်းမရှိလျှင် တိုက်တွန်းနိုင်သည်

   b. တိုက်တွန်း၍မရပါ၊ ၎င်းမှာ ဩစတြေးလျား စံတန်ဖိုးများနှင့် ဥပဒေနှင့် ဆန့်ကျင်သည့်အတွက် တိုက်တွန်း၍မရပါ

   c. ကျွန်ုပ် အလွန်စော်ကားခံရသည်ဟုခံစားရလျှင် တစ်ခါတစ်ရံတိုက်တွန်းနိုင်သည်

19. လူအများသည် သဘောချင်းမတိုက်ဆိုင်သည့် အခါများတွင် တစ်ဦးနှင့်တစ်ဦး သည်းခံသင့်ပါသလား။

   a. တစ်ဦးနှင့်တစ်ဦး သဘောထားမတိုက်ဆိုင်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်

   b. သည်းမခံသင့်ပါ၊ လူများတစ်ဦးနှင့်တစ်ဦး သဘောထားတိုက်ဆိုင်မှသာ အချင်းချင်း လေးစားမှုဖြင့် ဆက်ဆံရန်လိုသာ ပါသည်

   c. သည်းခံသင့်ပါသည်၊ ငြိမ်းချမ်းစွာသဘောထားကွဲလွဲခြင်းသည် အပြန်အလှန်လေးစားမှုနှင့် ဆက်နွယ်သည့် ဩစတြေးလျား၏ စံတန်ဖိုးများကို ထင်ဟပ်နေပါသည်

20. အောက်ပါတို့အနက် မည်သည့်အချက်သည် ဩစတြေးလျား အသိုက်အဝန်းကို ပါဝင်ပံ့ပိုးသည့် နမူနာတစ်ခုဖြစ်သနည်း။

   a. အလှူတစ်ခုအတွက် စေတနာ့ဝန်ထမ်းလုပ်ခြင်း သို့မဟုတ် ရန်ပုံငွေရှာဖွေခြင်းသည် ကျွန်ုပ်တို့၏ အသိုက်အဝန်းကို အားကောင်းစေမည့် ကြီးမားသောအခွင့်အရေးတစ်ခုဖြစ်သည်

   b. အခြားသူများကို သိရှိရန် ကျွန်ုပ်သည် မည်သည့်အားစိုက်ထုတ်မှုမှ မပြုလုပ်သင့်ပါ

   c. ဩစတြေးလျားနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်ခုဖြစ်သောကြောင့် ဩစတြေးလျားနိုင်ငံရှိလူများသည် အသိုက်အဝန်းအတွက် ပါဝင်ဖြည့်ဆည်းမှုမလုပ်သင့်ပါ

## အဖြေများ

1a, 2a, 3c, 4b, 5b, 6a, 7b, 8b, 9b, 10a, 11a, 12c, 13b, 14c, 15b, 16a, 17c, 18b, 19c, 20a



# စစ်မေးမည့် အပိုင်း
# အဆုံး